ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ (30-3-2006)(၄၉၁၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်နှင့် ဇနီး နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများအား ကြိုဆိုနှုတ်ဆက် တပ်မတော်နေ့အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှု

ရန်ကုန် မတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြသလျက်ရှိသော ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြခန်းများကို လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် မိသားစုများအား ကြိုဆိုနှုတ်ဆက်ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ စစ်သံမှူးများနှင့် မိသားစုများအား စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၏ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက ပြခန်းများ ခင်းကျင်းပြသထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ နာယက ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး Col. Ngi Vanndim က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများသည် ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် မိသားစုများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ကာကွယ်ရေး ဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror — ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* *ယနေ့ကာလတွင် နိုင်ငံတော်၌ စက်မှုလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ လယ်ယာကဏ္ဍကို အခြေခံသည့် လက်မှုနိုင်ငံအဆင့်မှသည် စက်မှုနိုင်ငံအဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သော စက်မှုအခြေခံလုပ်ငန်းများကို ကြိုးပမ်း ထူထောင်လျက်ရှိသည်။*
ခေါင်းကြီး (စာမျက်နှာ-၂)

* *"လူတစ်ယောက်ဟာ ကျန်းမာသန်စွမ်းဖို့အတွက် နေ့စဉ် အနည်းဆုံး တစ်မိုင်ခန့် လမ်းလျှောက်ပေးသင့်တယ်လို့ သိရပါတယ်"*
ကျော်စွာငယ်၏ **"လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ကြပါစို့"** ဆောင်းပါး (စာမျက်နှာ-၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃၀-၃-၂၀၀၆
(ကြာသပတေးနေ့)

အရည်အသွေးမြင့်စက်ရုံများ ထူထောင် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

နိုင်ငံတော် အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေးစွမ်းအားစုများ၊ သယံဇာတ အရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်များ စုစည်းရယူပြီး အဘက်ဘက်က ခေတ်မီ ဖွံ့ဖြိုး တိုးတက်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်း စက်ရုံအလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်လျက်ရှိသည့်အပြင် စက်မှုလုပ်ငန်းကြီးများ၏ နည်းပညာနှင့် ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရန်လည်း တီထွင်ကြံဆကြိုးပမ်းနေသည်။

ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံ ဖွင့်ပွဲ အခမ်းအနားများကို မတ်လ ၂၀ ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါ စက်ရုံဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ စက်ရုံကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍအတွက် စက်ကိရိယာပစ္စည်းများ မလွဲမသွေ ဖြည့်ဆည်းထုတ်လုပ်ပေးရန် လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ လျင်လျင်မြန်မြန် ကူးပြောင်းရေးဆောင်ရွက်ရန်၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း** မှာကြားသွားသည်။

လျှပ်စစ်မော်တာ ထုတ်လုပ်ရေးစက်ရုံအနေဖြင့် လျှပ်စစ်မော်တာ ၁၃ မျိုးကို တစ်နှစ်လျှင် အလုံးလေးသောင်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ အလားတူ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံမှလည်း လယ်ထွန်စက်၊ တီအီးကားနှင့် ဂျစ်ကားများအတွက် မော်တာများနှင့် ဓာတ်ဆီသုံးမော်တော်ယာဉ်များအတွက် ကွိုင်နှင့်ပန့်များကို ထုတ်လုပ်သွားမည်ဖြစ်သည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် အင်းတကော်စက်မှုနယ်မြေကို ထူထောင်ရာတွင် သံဘီးခွေ၊ ရေတိုင်ကီ၊ သတ္တုဘြဲယာဉ်ယာရင်၊ အင်းလက်နှင့် အိပ်ဇောဘား၊ ဘောဘယ်ယာရင်၊ အလူမီနီယမ် ဝါယာကြိုးများ ထုတ်လုပ်ရန်၊ လက်တွန်းထွန်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်များတွင် တွဲဖက်အသုံးပြုမည့် မြင်းကောင်ရေ ၁၈ ကောင်အား ဒီဇယ်အင်ဂျင်များထုတ်လုပ်ရန်နှင့် လျှပ်စစ်မော်တာ၊ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်း အမယ်သစ်များထုတ်လုပ်ရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အင်းတကော်စက်မှုနယ်မြေအတွင်း သံဘီးခွေစက်ရုံ၊ ရေဒီယေတာစက်ရုံ၊ သတ္တုဘြဲယာဉ်ယာရင်စက်ရုံ၊ လက်တွန်းထွန်စက်အင်ဂျင်စက်ရုံ၊ အင်းလက်နှင့် အိပ်ဇောဘားစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံ၊ သံရည်ကျိုစက်ရုံ၊ အလူမီနီယမ် ဝါယာကြိုးထုတ်လုပ်ရေးစက်ရုံတို့၌ စက်ပစ္စည်းများထုတ်လုပ်နေကြပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်၌ စက်မှုလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ လယ်ယာကဏ္ဍကို အခြေခံသည့် လက်မှုနိုင်ငံအဆင့်မှသည် စက်မှုနိုင်ငံအဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် စက်မှုအခြေခံလုပ်ငန်းများကို ကြိုးပမ်းထူထောင်လျက်ရှိသည်။ အထူးသဖြင့် ခေတ်မီစက်ကိရိယာများသုံးစွဲ၍ စက်မှုထုတ်ကုန်ပစ္စည်းများ အရည်အသွေး ကောင်းမွန်စိတ်ချပြီး သက်တမ်းပြည့် အသုံးပြုနိုင်သည့်စက်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြေခံစက်မှုလုပ်ငန်းများအပါအဝင် ဈေးကွက်ရှိသော စက်ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဝါယမစိုက်ထုတ်လုပ်ကိုင် ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ခေတ်မီစက်ရုံအလုပ်ရုံအသစ်များနှင့် အရည်အသွေးမြင့်စက်ရုံများစွာကို ရင်းနှီးမြှုပ်နှံ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ သက်ဆိုင်ရာ စက်ရုံအလုပ်ရုံများအနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အရည်အသွေးမီ ကုန်ပစ္စည်းများ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကောက်လျင်လမ်း မိုးကုတ်ရိပ်သာ ရာပြည့် အထူး ၁၀ ရက် တရားစခန်း

ရန်ကုန် မတ် ၂၉

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကောက်လျင်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၄၈) ဓမ္မရိပ်သာကြီးတွင် အကြိမ်(၁၀၀)မြောက် ရာပြည့် အထူးတရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ အရှင်သုန္ဒရ (ရွှေစက်တော်) အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာကြီး ဦးသန့်ဇင်(အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

နယူးဇီလန်နိုင်ငံသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးသက်ဝင်းအား ပူးတွဲခန့်အပ်

ရန်ကုန် မတ် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသက်ဝင်းအား နယူးဇီလန် နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ရန်ကုန်တိုင်း ကုန်ဈေးနှုန်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အသီးသီးမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အစည်းအဝေးတွင် မြို့တော်ဝန်က ရန်ကုန်တိုင်းအတွင်း ကုန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပ်မတ်ရေး၊ မြို့နယ်များတွင် အခြေခံ စားသောက်ကုန်ဈေးနှုန်း ထိန်းသိမ်းရေးကော်မတီများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ကြစေရေးနှင့် ဖွဲ့စည်းထားရှိသော လုပ်ငန်းရှင်များ အသင်းများအနေဖြင့် မိမိတို့၏လုပ်ငန်းများအလိုက် ကုန်ဈေးနှုန်းထိန်းသိမ်းကြပ်မတ်ကြရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်တိုင်းအတွင်း စားသောက်ကုန်များနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုနှင့် ဈေးနှုန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှု ရှိစေရေးအတွက် မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (၁၉)

ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ် (၈)ရပ်ကွက် သစ္စာဥယျာဉ်အိမ်ရာ (၃)လမ်း၊ တိုက်(၁)၊ အခန်း(၃၀၄)နေ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်တင်တင်ဝေ၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ် ၁၁၈၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဓမ္မာရုံလမ်း မြေနီကုန်း(မြောက်)နေ ဦးဇော်လွင်-ဒေါ်ခင်ခင်ဖြူ၊ သား သီဟဇော်လွင်၊ အောင်ဇော်လွင်၊ လင်းဇော်လွင်၊ နန္ဒဇော်လွင် မိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရ ဆေး ပဒေသာပင် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ကြပါစို့

ကျော်စွာငယ်

'အာရောဂျံ ပရမံ လာဘံ' ဆိုတဲ့ ဆိုစကားအတိုင်း ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးဖြစ်ပါတယ်။ ကျန်းမာဖို့အတွက် ကျန်းမာတဲ့ အနေအထိုင်၊ အလေ့အကျင့်အပြုအမူတွေ လိုအပ်ပါတယ်။ ကျန်းမာဖို့အတွက် လူ့ခန္ဓာကိုယ်ကို ဖြည့်စွမ်းပေးနိုင်တဲ့ အစာအာဟာရတွေ လိုအပ်သလို ကျန်းမာရေးလေ့ကျင့်ခန်းတွေလည်း မှန်မှန်လုပ်ပေးဖို့ လိုအပ်ပါတယ်။

ဒါပေမယ့် လူတွေဟာ မိမိတို့ရဲ့ လုပ်ငန်းတာဝန်တွေနဲ့ သွားလာလှုပ်ရှားရန်းကန်နေရလို့ အများအားဖြင့် ကျန်းမာရေးလေ့ကျင့်ခန်းတွေကို သီးခြားပုံမှန်မလုပ်နိုင်ပါဘူး။ ဒါကြောင့် နေ့စဉ်နေ့တိုင်း လှုပ်ရှားသွားလာခြင်းဖြင့် ကျန်းမာခြင်းရဲ့ အကျိုးရလဒ်ကို ရယူတတ်ဖို့လိုပါတယ်။

စာရေးသူဟာ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ တာဝန်တွေကို မလစ်ဟင်းအောင် နေ့စဉ်ဆောင်ရွက်နေရလို့ ကျန်းမာရေးလေ့ကျင့်ခန်းကို သီးခြားမလုပ်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် ကျန်းမာရေးကောင်းနေပါတယ်။ ဒီလိုကျန်းမာဖို့အတွက် နေ့စဉ်လမ်းများများလျှောက်ပါတယ်။ စာရေးသူလိုပဲ အခြားဝန်ထမ်းတွေလည်း လမ်းလျှောက်ကြလို့ ကျန်းမာကြမှာပဲဖြစ်ပါတယ်။

လွယ်လင့်တကူ ကျန်းမာရေးလုပ်ဆောင်မှုကတော့ သွားသွားလာလာ **'အလုပ်လုပ်ရင်း ကျန်းမာ၊ ကျန်းမာလို့ အလုပ်လုပ်'** လို့ ဆိုရမှာဖြစ်ပါတယ်။ စာရေးသူတို့ အလုပ်လုပ်တဲ့ မြို့တော်မှာရှိတဲ့ ရုံးတွေဟာ မြေဧရိယာကျယ်ဝန်းပြီး တောင်ကုန်းတောင်စွယ်လေးတွေပေါ်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ တစ်ရုံးနဲ့တစ်ရုံး အလှမ်းကွာဝေးသလို ဝန်ထမ်းအိမ်ရာတွေနဲ့ ရုံးတွေကလည်း တစ်သီးတခြားစီလို တည်ရှိနေပါတယ်။ ရုံးနဲ့ကားဂိတ်၊ ရုံးနဲ့ဈေးဆိုရင်လည်း အတော်လေးလှမ်းပါတယ်။ နောက်ပြီး ရုံးတွေရော ဝန်ထမ်းအိမ်ရာတွေပါ အမြင့်ဆုံးသုံးထပ်သာ ဖြစ်ပါတယ်။ ရုံးတွေ၊ အိမ်ရာတွေမှာလည်း ဓာတ်လှေကားတွေ တပ်ဆင်မထားပါဘူး။ ဒါကြောင့် ဝန်ထမ်းအိမ်ရာနဲ့ ကားဂိတ်၊ ကားဂိတ်နဲ့ ရုံး၊ တစ်ရုံးနဲ့တစ်ရုံး၊ တစ်နေရာနဲ့တစ်နေရာ ဖွဲ့စည်းတည်ဆောက်ထားမှုဟာ မွန်းကျပ်ပြွတ်သိပ်မနေဘဲ ကိုယ်လက်လှုပ်ရှား ကျန်းမာကြံ့ခိုင်ဖို့အတွက် သင့်တော်တဲ့အနေအထားမှာ ရှိနေပါတယ်။ နေ့စဉ် ကူးသန်းသွားလာရတာတွေကို တွက်ချက်ကြည့်ရင် စုစုပေါင်း နှစ်မိုင်ခန့်မှာရှိနေပါတယ်။

လူတစ်ယောက်ဟာ ကျန်းမာသန်စွမ်းဖို့အတွက် နေ့စဉ် အနည်းဆုံး တစ်မိုင်ခန့် လမ်းလျှောက်ပေးသင့်တယ်လို့ သိရပါတယ်။ စာရေးသူတို့ ဝန်ထမ်းတွေ တစ်နေ့နှစ်မိုင်ခန့် လမ်းလျှောက်ရတာမို့ လုံလောက်တဲ့ ကျန်းမာရေးလေ့ကျင့်ခန်းကို အထူးတလည်မလုပ်ဘဲ အလိုအလျောက် ရနေပါပြီ။ လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ရင် ခပ်သွက်သွက်၊ ခပ်မြန်မြန် လျှောက်ပေးရပါတယ်။ ဝန်ထမ်းတွေဟာ အလုပ်ကို အချိန်နဲ့တစ်ပြေးညီ လုပ်ရလို့ ခပ်သွက်သွက်၊ ခပ်မြန်မြန်ချည်း လျှောက်ဖြစ်လာကြပါတယ်။

"အကယ်၍ လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှသုံးနာရီအထိ တစ်နာရီသုံးမိုင်နှုန်း လမ်းလျှောက်မည်ဆိုပါက လေ့ကျင့်ခန်းမလုပ်သူများထက် နှလုံးထိခိုက်ခံရမှုနှင့် သေဆုံးမှု ၃၀ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း တွေ့ရှိရသည်။ ထို့ပြင် လူတစ်ယောက်သည် တစ်ပတ်လျှင် သုံးနာရီထက်ပို၍ လျှောက်မည်ဆိုလျှင် နောက်ထပ် ၅ ရာခိုင်နှုန်း ယင်းအန္တရာယ်မှ လျော့ကျသွားကြောင်း တွေ့ရှိကြရသည်။

လမ်းလျှောက်သည့် အမြန်နှုန်းမှာလည်း အရေးကြီးကြောင်း တွေ့ရှိရသည်။ လူတစ်ဦးသည် သက်သောင့်သက်သာဖြင့် တစ်နာရီလျှင် နှစ်မိုင်နှုန်းထက် လျော့နည်းသောနှုန်းဖြင့် လျှောက်ပါက နှလုံးထိခိုက်မှု အန္တရာယ်မှ ၂၅ ရာခိုင်နှုန်း လျော့နည်းပြီး အကယ်၍ ၎င်းသည် သုံးမိုင်နှုန်း သို့မဟုတ် ၎င်းထက်ပိုပါက ၃၆ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း သုတေသီများက သုတေသနပြုလုပ်ထားသည်"

ဟု ခပ်မြန်မြန်လမ်းလျှောက်၍ လေ့ကျင့်ခန်းပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများကို ၂၇-၈-၂၀၀၀ နေ့ထုတ် The New Light of Myanmar သတင်းစာရဲ့ သတင်းတစ်ပုဒ်မှာ ဖတ်ရှုလိုက်ရပါတယ်။

လမ်းလျှောက်ခြင်းဖြင့်ရရှိလာတဲ့ ကျန်းမာရေးအကျိုးသက်ရောက်မှုတွေက များလှပါတယ်။ လမ်းလျှောက်ခြင်းဟာ လူတွေရဲ့ကျန်းမာရေးကို များစွာ အကျိုးပြုကြောင်း သုတေသနပြုထားတဲ့ အင်တာနက်သတင်းတစ်ပုဒ်ကိုလည်း မကြာသေးခင်က ဖတ်လိုက်ရပါတယ်။ ဒီဖော်ပြချက်မှာ **လမ်းလျှောက်ခြင်းဟာ သွေးတိုးရောဂါကို လျော့ကျစေတယ်၊ စိတ်ပိုင်းဆိုင်ရာ ကြည်လင်လန်းဆန်းမှုကို ဖြစ်စေတယ်၊ အရိုးအဆစ်တွေကို သန်မာစေတယ်၊ ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်တယ်၊ ကြွက်သားများသန်မာပြီး သွေးကြောလေကြောကို ပွင့်စေတယ်၊ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကိုလက်စထရောတွေ လျော့ကျစေနိုင်တယ်၊ လူမှုဘဝ နေထိုင်မှုတွေမှာ လိုက်လျောညီထွေဖြစ်စေတယ်၊ မိသားစုဘဝတစ်ခုလုံးအတွက် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးတွေ ရရှိစေတယ်လို့** ဖော်ပြထားပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတွေဟာ ကာယအားစိုက်ထုတ်မှု လျော့နည်းလာပါတယ်။ မော်တော်ယာဉ်တွေကို ပိုမိုသုံးစွဲလာပါတယ်။ စက်ယန္တရားပစ္စည်းတွေကို အစားထိုးအသုံးပြုလာပါတယ်။ ဒါကြောင့် လူ့စွမ်းအားစိုက်ထုတ်မှုနည်းလို့ လူ့ခန္ဓာကိုယ်မှာ ကယ်လိုရီချေဖျက်လောင်ကျွမ်းမှု သိသာစွာလျော့နည်းလာပါတယ်။ ကိုယ်လက်လှုပ်ရှားမှုနည်းလာခြင်း၊ အစားများခြင်းကြောင့် ကိုယ်တွင်းပိုလျှံစွမ်းအင်ဟာ အဆီအဖြစ် ပြောင်းလဲသွားပါတယ်။ ဒါ့ကြောင့် ဝလာခြင်း၊ ရောဂါထူပြောလာခြင်းတွေ ဖြစ်လာပါတယ်။

ကမ္ဘာကြီးမှာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးလို့ နှစ်စဉ်လူနှစ်သန်းခန့် သေဆုံးနေတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သုတေသနပြု ထောက်ပြထားပါတယ်။ လှုပ်ရှားမှုနည်းလာတာနဲ့အမျှ အဝလွန်လာပြီး ရောဂါဘယ ထူပြောလာတာဖြစ်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဓိကအဖြစ်များတဲ့ ရောဂါတွေကတော့ နှလုံးသွေးကြောရောဂါ၊ အူမကြီးကင်ဆာနဲ့ ဆီးချိုရောဂါတွေပါပဲ။ ဒီရောဂါတွေမဖြစ်ပွားအောင် ကြိုတင်ကာကွယ်နည်းဟာ ကျန်းမာအောင် လမ်းလျှောက်ခြင်းပဲဖြစ်ပါတယ်။

အမြန်လမ်းလျှောက်လို့ ခန္ဓာကိုယ်ကို ဘယ်လိုအကျိုးပြုသလဲဆိုရင်တော့ သွေးအတွင်းက အဆီကိုကျစေနိုင်တယ်။ သွေးလွှတ်ကြောမာဆတ်မှုကို ကာကွယ်နိုင်တယ်။ နှလုံးပတ်သွေးကြောရောဂါမဖြစ်အောင် ကာကွယ်နိုင်တယ်။ ကြွက်သားဆဲလ်အမေးပါး တိုးပွားစေတယ်။ ဆီးချိုရောဂါကာကွယ်မှုနဲ့ သက်သာမှုကို ဖြစ်ပေါ်စေတယ်။ အရိုးဆဲလ်များကို ပိုမိုနိုးကြွစေလို့ အသက်ကြီးတဲ့သူတွေ ဖြစ်တတ်တဲ့ အရိုးပွရောဂါကို သက်သာစေတယ်။ အရိုးကို ကြံ့ခိုင်အောင် လုပ်ပေးနိုင်ပါတယ်။

ဒါ့အပြင် ကိုယ်လက်လှုပ်ရှား အားကစားသဘောမျိုး ဖြစ်လာတာကြောင့် နှလုံးစွမ်းအား၊ အဆုတ်စွမ်းအားကို တိုးစေနိုင်တယ်။ ကင်ဆာအကျိတ်အဖု (ဥပမာ-အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ)ရောဂါဖြစ်ပွားနှုန်းကို လျော့ပါးစေတယ်။ နာကျင်မှုသက်သာခြင်း၊ စိတ်ခံစားမှုတိုးတက် ကောင်းမွန်ခြင်းနဲ့ စိုးရိမ်ပူပန်မှု ကြောင့်ကြစိတ်များ လျော့ပါးခြင်းတို့ကို ဖြစ်စေနိုင်တယ်လို့ မြန်မာနိုင်ငံက ဆေးပညာပေးစာအုပ်တွေမှာလည်း ဖော်ပြထားတာ လေ့လာဖတ်ရှုရပါတယ်။

၁၉၉၂ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက **'လမ်းလျှောက်ခြင်းသည် မာကျောလာသော သွေးလွှတ်ကြောကို ပြောင်းပြန်တိုးတက်မှုဖြစ်စေပါတယ်။ တစ်နှစ်ခန့် မှန်မှန်လမ်းလျှောက်ခဲ့ပါလျှင် အထက်ပါစကားကို သက်သေထူနိုင်မယ်'** လို့ ဆိုထားပါတယ်။

ကမ္ဘာ့အိုလံပစ်ပွဲတော် စတင်ပေါက်ဖွားရာ ဂရိနိုင်ငံ၏ ကမ်းခြေကျောက်သားကမ်းပါးတစ်ခုမှာ-

သင်...ကျန်းမာချင်ပါသလား။

သင်...လမ်းလျှောက်ပါ။

သင်...ဉာဏ်ကောင်းချင်ပါသလား။

သင်...လမ်းလျှောက်ပါ။

သင်...လှချင်ပါသလား။

သင်...လမ်းလျှောက်ပါ

လို့ ထုဆစ်ရေးထိုးထားပါတယ်။

ဒီစာတန်းကို ထောက်ရှုခြင်းအားဖြင့် လမ်းလျှောက်ခြင်းဟာ ဘယ်လောက်အကျိုးများပြီး ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာကို သိသာနိုင်ပါတယ်။ ကျွန်တော်တို့မြို့တော်မှာရှိတဲ့ ဝန်ထမ်းတွေဟာ လမ်းလျှောက်တာ များပါတယ်။ နေအိမ်အဆောက်အအုံများမှာလည်း အတက်အဆင်း များပါတယ်။ ဘတ်စ်ကားမှတ်တိုင်ရှိရာသို့လည်း လမ်းလျှောက်သွားရပါတယ်။ တစ်ရုံးနဲ့တစ်ရုံးလည်း လမ်းလျှောက်သွားရပါသေးတယ်။ ယခင်က လမ်းလျှောက်ရလို့ ညည်းတွားခဲ့တဲ့ စာရေးသူတို့ဟာ လမ်းလျှောက်ခြင်းကြောင့်ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သိလာရတော့ လမ်းလျှောက်ရတာကို ပိုလို့နှစ်သက်လာပါတယ်။

တလောကဖတ်လိုက်ရတဲ့ နိုင်ငံခြားသတင်းတစ်ပုဒ်မှာ တုတ်ကောက်နဲ့အဘိုးအိုတစ်ဦးဟာ တစ်နေ့ကိုနှစ်နာရီ မှန်မှန်လမ်းလျှောက်လို့ အသက် (၁၀၀) ပြည့်တဲ့ ယနေ့တိုင်အောင် ကျန်းမာနေဆဲရှိပါတယ်ဆိုတဲ့အကြောင်း ဖတ်လိုက်ရတော့ လမ်းလျှောက်ခြင်းဟာ အသက်ရှည်ကျန်းမာခြင်းပဲလို့ ပိုမိုလက်ခံလာကြပါတယ်။

ရောဂါတစ်ခုခု ရလာပြီဆိုရင် မိသားစုအိမ်တွင်းရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများ ကြုံတွေ့လာတတ်ပါတယ်။ ငွေကြေးကုန်ကျမှုကလည်း အဓိကအခန်းက ပါလာပါတယ်။ နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် ဖြစ်လာလတ္တံ့သော ရောဂါများကို ကြိုတင်ကာကွယ်နိုင်မှာဖြစ်လို့ လမ်းလျှောက်တဲ့အခါတိုင်း၊ ခြေလှမ်းတစ်လှမ်း လှမ်းတဲ့အခါတိုင်းဟာ ရွှေထက်ပင် တန်ဖိုးများလိမ့်မယ်လို့ တွေးနေမိပါတော့တယ်။ စာရေးသူတို့ ဝန်ထမ်းတွေ နေ့စဉ်ရုံးတက်ရာမှာ၊ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရာမှာ လမ်းလျှောက်ခြင်းကို ကျန်းမာရေးလေ့ကျင့်ခန်းသဖွယ် သဘောထားလုပ်ဆောင်ခြင်းဖြင့် ပိုပြီးကျန်းမာကြံ့ခိုင်လာမှာဖြစ်သလို ကျန်းမာကြံ့ခိုင်မှုဖြင့် နိုင်ငံ့တာဝန်ကို စွမ်းအားပြည့်ထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

အမြန်လမ်းလျှောက်လို့ ခန္ဓာကိုယ်ကို ဘယ်လိုအကျိုးပြုသလဲဆိုရင်တော့ သွေးအတွင်းက အဆီကို ကျစေနိုင်တယ်။ သွေးလွှတ်ကြော မာဆတ်မှုကို ကာကွယ်နိုင်တယ်။ နှလုံးပတ်သွေးကြောရောဂါမဖြစ်အောင် ကာကွယ်နိုင်တယ်။ ကြွက်သားဆဲလ်အမေးပါး တိုးပွားစေတယ်။ ဆီးချိုရောဂါ ကာကွယ်မှုနဲ့ သက်သာမှုကို ဖြစ်ပေါ်စေတယ်။ အရိုးဆဲလ်များကို ပိုမိုနိုးကြွစေလို့ အသက်ကြီးတဲ့သူတွေ ဖြစ်တတ်တဲ့ အရိုးပွရောဂါကို သက်သာစေတယ်။ အရိုးကို ကြံ့ခိုင်အောင် လုပ်ပေးနိုင်ပါတယ်။

သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်

၁။ သွေးတိုးကျစေသည်။
၂။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။
၃။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။
၄။ အရိုးများ ကြံ့ခိုင်သန်စွမ်းစေသည်။
၅။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။
၆။ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေသည်။
၇။ သွေးအတွင်းမှ အဆီကျစေသည်။
၈။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။
၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။

ရောဂါဘယများကင်း၍ အသက်ရှည်ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန် လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅	၇။	ခါသကြိန်အဆိုအကများ
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။	ခါသကြိန်အဆိုအကများ
၄:၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၄:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၈။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀	၉။	မျိုးချစ်တပ်မတော်
၅:၂၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၃၀	၁၁။	ခါသကြိန်အဆိုအကများ
၅:၄၅	၁၂။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၄။	နိုင်ငံတကာသတင်း
၆:၂၀	၁၅။	မိုးလေဝသသတင်း
၆:၂၅	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၇။	**ကာတွန်းအစီအစဉ် ပါကျဲ အပိုင်း(၂၄)**
၆:၅၀	၁၈။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၂၆)**
၈:၀၀	၂၀။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပါရမီရှင်သိုင်းလုလင် (အပိုင်း-၂၇)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

စင်ကာပူနိုင်ငံ အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ အကြမ်းဖက်တိုက်ခိုက်မှုကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ကာ လေ့ကျင့်ရန်ပြင်ဆင်နေကြသည်ကို မတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ် ပြည်ပပို့ကုန် ဝင်ငွေပိုမိုမြင့်မားလာ ယခုနှစ် ပထမသုံးလပတ်တွင် ၂၀ ရာခိုင်နှုန်းတိုးတက်

ဟနွိုင်း မတ် ၂၈

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်၏ ပထမသုံးလအတွင်း ပြည်ပပို့ကုန်မှ ရရှိသောဝင်ငွေသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံကျော်အထိ ရောက်ရှိသွားမည်ဖြစ်ကြောင်း ဗီယက်နမ်ကုန်သွယ်ရေးသတင်းအေဂျင်စီက မတ် ၂၇ရက်တွင် ခန့်မှန်းဖော်ပြခဲ့သည်။

— ပါဝင် —

ပို့ကုန်မှ ဝင်ငွေတိုးလာသော ပမာဏသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။ ပို့ကုန်မှ ဝင်ငွေတိုးတက်လာသော ကုန်ပစ္စည်းအမယ်များတွင် ရော်ဘာ၊ အထည်အလိပ်၊ အသင့်ချုပ်ပြီးအထည်နှင့် ခြေနင်းဖိနပ်အမျိုးမျိုးပါဝင်သည်။

ဖော်ပြပါ သုံးလအတွင်း ရော်ဘာပို့ကုန်မှ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၆သန်း၊ အထည်အလိပ်နှင့် အသင့်ချုပ်ပြီးအထည်မှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ဒသမ၃ ဘီလီယံနှင့် ခြေနင်းဖိနပ် အမျိုးမျိုးမှဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁၆ သန်းရရှိကြောင်း ကုန်သွယ်ရေးစာရင်းအင်းဗဟိုဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီမှ မတ်လအထိကာလအတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ သွင်းကုန်များကို တင်သွင်းယူခဲ့ကြောင်း ခန့်မှန်းထားသည်။ ဗီယက်နမ်က ဝယ်ယူတင်သွင်းသော ပစ္စည်းများတွင် ရေနံထွက်ပစ္စည်းများ၊ သံမဏိများ၊ ဓာတ်မြေဩဇာများနှင့်စက်နှင့် စက်ပစ္စည်းအမျိုးမျိုးတို့ ပါဝင်သည်။ ထိုသွင်းကုန်များ၏ တန်ဖိုးသည် ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် နှစ်ရာခိုင်နှုန်းနီးပါး တိုးတက်လာခြင်းပင် ဖြစ်သည်။

ထိုနိုင်ငံ၏ ၂၀၀၅ ခုနှစ်က ရရှိသော ပို့ကုန်ဝင်ငွေစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂ ဘီလီယံရှိသည်။ ယင်းပမာဏသည် ၂၀၀၄ ခုနှစ် ပို့ကုန်ဝင်ငွေနှင့်နှိုင်းယှဉ်လျှင် ၂၁ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုတိုးတက်လာသည်။ ၂၀၀၆ ခုနှစ် ကာလအတွင်းပို့ကုန်မှရရှိသော ဝင်ငွေကို ၁၆ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးမြင့်လာစေရန် ရည်မှန်း၍ ဗီယက်နမ်နိုင်ငံသည် ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့ခြင်း၊ လက်ရှိ ပို့ကုန်များကို အရောင်းမြှင့်တင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သက်တမ်းနှစ် ၄၀၀ရှိပြီးထည် တရုတ်နိုင်ငံ သင်္ချိုင်းဂူမှရရှိ

ချန်ဒူး မတ် ၂၉

တရုတ်နိုင်ငံ၏အနောက်တောင်ပိုင်းဒေသ ဇီချွမ်ပြည်နယ် နန်ချုံမြို့တွင် နှစ်ပေါင်း ၄၀၀သက်တမ်းရှိ ဂူသင်္ချိုင်းမှ ပိုးအင်္ကျီနှင့် အခြားရှေးဟောင်းပစ္စည်းများကို တရုတ်ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာရေး ပညာရှင်များက တွေ့ရှိခဲ့ကြသည်။

အဆိုပါ ဂူသင်္ချိုင်းသည် မင်မင်းဆက် (၁၃၆၈-၁၆၄၄)က တည်ဆောက်ခဲ့သည့် သင်္ချိုင်းဖြစ်ပြီး ရှန်ကင်းဆိုင်ဇီလီရှန်တောင်ခြေတွင် ရှိသည်။ ယင်းသင်္ချိုင်းကို ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်နေစဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သင်္ချိုင်းအထိမ်းအမှတ် ကျောက်တိုင်အရ သင်္ချိုင်းပိုင်ရှင်မှာ မင်မင်းဆက်မှဝန်ကြီးချုပ် ချင်ယီကင်၏မြေးတော်သူဖြစ်သည်ဟု သိရှိရသည်။ အဆိုပါ သင်္ချိုင်းအတွင်းခန်းမှ ပိုးအင်္ကျီအပြင်ရှေးဟောင်းဒင်္ဂါးများနှင့် ကြေးမုန်တစ်ချပ်တို့ကိုလည်း တူးဖော်ရရှိခဲ့သည်။

သစ်သားခေါင်းတလားမှာမူ ဆွေးမြည့်နေပြီဖြစ်သည်။ သို့ရာတွင် ရုပ်အလောင်းပေါ်၌ ဖုံးအုပ်ထားသည့် ပိုးအင်္ကျီအလွှာများသည် မူလပကတိအတိုင်းရှိပြီး နူးညံ့ကာ တောက်တောက် ပြောင်ပြောင် ရှိနေသည်ဟု ဖော်ပြပါ ပညာရှင်များက ပြောကြားသည်။

ယင်းပစ္စည်းများတူးဖော်ရရှိခြင်းဖြင့် တရုတ်နိုင်ငံ၏ ပိုးယဉ်ကျေးမှု ဖြစ်ထွန်းလာပုံကို ခြေရာကောက်နိုင်သည့် တန်ဖိုးရှိသော သဲလွန်စများ ရရှိနိုင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ခရီးသွားလုပ်ငန်းဖြင့် တိဘက်ပြည်သူများ ဝင်ငွေတိုးတက်ရရှိ

လာဆာ မတ် ၂၈

မိရိုးဖလာအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့်သာ အသက်မွေးကြသော တိဘက်ကျေးလက်နေ ပြည်သူများသည် ယခုအခါ ထိုဒေသ၌ ကျယ်ပြန့်လာနေသော ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းကြောင့် ဝင်ငွေတိုးကာ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်နိုင်မည့် နည်းလမ်းကောင်းကို တွေ့နေကြသည်။

တိဘက်လယ်သမားပေါင်း ၃၀၀၀၀ ကျော်တို့သည် ၂၀၀၅ ခုနှစ်အတွင်းက ခရီးသွားလုပ်ငန်းကိုပါ လုပ်ကိုင်လာကြသည့်အတွက် ပျမ်းမျှအားဖြင့် ဝင်ငွေယွမ် ၂၀၀၀ (အမေရိကန်ဒေါ်လာ ၂၅၀)ကျော် ရရှိခဲ့ကြောင်း ဒေသဆိုင်ရာကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကျေးလက်နေ တိဘက်လယ်သမားမိသားစု ၃၀၀ တို့သည် ထိုဒေသ၌ ထွန်းကားလာသော ခရီးသွားလုပ်ငန်းကြောင့် အခြားသော ကျေးလက်လယ်သမားများထက် စီးပွားရေးအခြေအနေ ပိုမိုကောင်းမွန်လာကြသည်ဟု ဆိုသည်။

တိဘက်ဒေသ ကျေးရွာများတွင် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိစ္စကို ဆက်လက် အားပေးသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဗျူရိုမှ ညွှန်ကြားရေးမှူးဘတ်ဇိုက ပြောကြားသည်။

ထိုဒေသတွင် ဇူလိုင်လအတွင်းက ဖောက်လုပ်ပြီးစီးသွားသော ကွမ်ဟိုင်း-တိဘက် ရထားလမ်းကြောင့် တိဘက် ဒေသနေ ကျေးရွာပြည်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန် အရှေ့ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

ကဘူး မတ် ၂၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတောင်တန်းပြည်နယ်ဖြစ်သော နန်ဂါဟာ၌ မတ် ၂၇ရက်တွင် ရဟတ်ယာဉ်ပျက်ကျခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

နန်ဂါဟာပြည်နယ် စပင်ဟာဒေသ၌ ထိုရဟတ်ယာဉ်သည် တောင်ကိုဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ဒက်မိဟာမက်ရာဆာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ ရဟတ်ယာဉ် ပျက်ကျမှုကြောင့် ဒဏ်ရာရရှိသူနှင့် သေဆုံးသူ တစ်ဦးမျှမရှိကြောင်း၊ သို့သော် ရဟတ်ယာဉ်မှာ ပျက်စီးခဲ့ကြောင်း၊ ထိုရဟတ်ယာဉ် ပျက်ရခြင်းအကြောင်းရင်း သို့မဟုတ် ရဟတ်ယာဉ်ပိုင်ရှင်ကို စုံစမ်းဆဲဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

ထိုရဟတ်ယာဉ် ပျက်ကျရသည့်ကိစ္စကို အမေရိကန်တပ်ဖွဲ့ သို့မဟုတ် နေတိုး ဦးဆောင်သော အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအဖွဲ့ (အိုင်အက်ဖ်အေအက်ဖ်)က ယခုအချိန်အထိ မည်သည့်ဝေဖန် ပြောကြားမှုကိုမျှ မပြုခဲ့ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ ဟမ်းဘာ့ဂ်မြို့တွင် လေမုန်တိုင်းတိုက်ခတ်ပြီးနောက် ပြိုလဲပျက်စီးသွားသော ဆောက်လုပ်ရေးလုပ်ငန်းသုံး ဝန်ချီစက်ကြီးတစ်ခုကို မတ် ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယ်စပ်လုံခြုံရေး

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံနယ်စပ်အနီးတွင် လုံခြုံရေးဆောင်ရွက်နေသော ပါကစ္စတန် တပ်ဖွဲ့ဝင်တစ်ဦးကို မတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးဒေလီ၌ လေမှုတ်စက် ပေါက်ကွဲမှုဖြစ်

နယူးဒေလီ မတ် ၂၈

ဆိုင်ကယ်အရောင်းဆိုင် တစ်ဆိုင်ရှိ အဲကွန်ပရက်ဆာခေါ် လေမှုတ်စက်တစ်လုံး မတ် ၂၅ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ ကလေးသုံးဦးအပါအဝင် လူ၁၄ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒေလီမြို့အရှေ့ဘက် ဆာထာပါဒေသ၌ နံနက် ၁၀ နာရီခန့်တွင် အဆိုပါပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုပေါက်ကွဲမှုကြောင့် ဆိုင်ပိုင်ရှင်နှင့်ဝယ်ယူသူများအပါအဝင် လူ ၁၄ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲအရာရှိ မာဟီပေါလ်ဆင်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလက္ကာရေလက်ကြား သင်္ဘောနှစ်မြှုပ်ရာနေရာတွင် ရေနံယိုဖိတ်မှု မရှိကြောင်းပြောကြား

ကွာလာလမ်ပူ မတ် ၂၈

မလက္ကာရေလက်ကြား၌ သင်္ဘောနှစ်စင်းတိုက်မိပြီးနောက် သင်္ဘောတစ်စင်းနစ်မြုပ်မှုဖြစ်ပွားရာနေရာတွင် ရေနံယိုဖိတ်မှုမရှိခဲ့ကြောင်း မလေးရှားရေကြောင်းလုံခြုံရေးဌာနက မတ် ၂၅ ရက်တွင် ပြောကြားသည်။

ထိုရေလက်ကြား၌ သင်္ဘောမောင်းနှင်ရာတွင် ရေကြောင်းရှင်းလင်းမှသာ မောင်းနှင်ရန် သတိပေးချက် ထုတ်ပြန်ထားကြောင်း အဆိုပါဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ပြောကြားချက်ကို ကိုးကား၍ မလေးရှားအမျိုးသားသတင်းဌာနဖြစ်သည့် မနားမား သတင်းဌာနက ဖော်ပြသည်။

ပနားမား၌ မှတ်ပုံတင်ထားသော အမ်ဗီကာလီဖိုးနီးယား သင်္ဘောနှင့် တောင်ကိုရီးယားနိုင်ငံမှ အမ်ဗီဆီနီကော်ဆိုးလ်သင်္ဘောသည် မလက္ကာရေလက်ကြားအန်းဒန်းကျွန်းအနီး၌ မတ် ၂၄ ရက် နံနက်ပိုင်း၌ တိုက်မိခဲ့ကြသည်။ ထို့နောက် အမ်ဗီကာလီဖိုးနီးယား သင်္ဘောနစ်မြုပ်ခဲ့ကြောင်း မလေးရှားသင်္ဘော တာဝန်ရှိသူများက မတ် ၂၄ ရက်တွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်္ဂလန်၌ ကာလဝမ်းရောဂါဖြစ်ပွား

လူအန်ဒါ မတ် ၂၈

အင်္ဂလန်နိုင်ငံ လူအန်ဒါမြို့၌ ကာလဝမ်းရောဂါဖြစ်ပွားကြောင်း ကြေညာသည့် ဖေဖော်ဝါရီ ၁၃ ရက်မှ စပြီး ရောဂါဖြစ်ပွားသူပေါင်း ၆၅၂ ဦးရှိခဲ့ပြီး သေဆုံးသူ ၂၂ ဦးရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကာလဝမ်းရောဂါ ဆက်လက်ဖြစ်ပွားမှုကို ထိန်းချုပ်ဟန့်တားရန် အင်္ဂလန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားအဖွဲ့အစည်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် ဆီးယက်တယ်လ်မြို့၌ သေနတ်ပစ်မှုဖြစ်ပွား သေနတ်သမားနှင့် လူခြောက်ဦးသေဆုံး

ဆီးယက်တယ်လ် မတ် ၂၈

အမေရိကန်နိုင်ငံ ဆီးယက်တယ်လ်မြို့တွင် မတ် ၂၆ ရက်က ပါတီပွဲတစ်ခုကို ကျင်းပခဲ့ရာ ထိုပါတီပွဲတက်လာသူတစ်ဦးက အခြားလူခြောက်ဦးအား ပြောင်းဖြတ်ထားသောသေနတ်ဖြင့် ပစ်သတ်ခဲ့ပြီးနောက် ၎င်းကိုယ်၌လည်း သတ်သေသွားသည်ဟု အာဏာပိုင်များက ပြောကြားသည်။

အခင်းဖြစ်ပွားမှုတွင် သေဆုံးခဲ့သူ ခုနစ်ဦးစလုံးမှာ အသက်အရွယ်အားဖြင့် ဆယ်ကျော်သက်များနှင့် အသက် ၂၀ ကျော်သူများသာဖြစ်ကြောင်း ဆီယက်တယ်လ်ရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး ဒီနာနော်လတ်က ပြောကြားသည်။

ထိုသေနတ်ပစ်ခတ်မှုသည် မတ် ၂၆ ရက် နံနက် ၇ နာရီခန့်က ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိခဲ့သူနှစ်ဦးလည်းရှိသေးသည်ဟု ၎င်း ရဲကြပ်ကြီးက ဆက်လက်ပြောကြားသည်။ ဒဏ်ရာရသွားသူတစ်ဦးမှာ အသက်အန္တရာယ်ရှိသော အခြေအနေဖြစ်၍ ဆေးရုံတင်ထားရသည်။

သေနတ်သံများကြားရပြီးနောက် ရဲတပ်ဖွဲ့သည် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိသွားခဲ့သည်။ ထိုအချိန်တွင် လူသတ်သမားဟုယူဆရသူက အခြားလူတစ်ဦးနောက်သို့ လိုက်လျက်ရှိသည်ကို ရဲတို့က တွေ့ကြရသည်။

ရဲတပ်ဖွဲ့က သက်သေမကင်းခံရသူကို လက်နက်ချရန် အမိန့်ပေးသောအခါ ထိုလူက သေနတ်ပြောင်းကို ၎င်း၏ပါးစပ်အတွင်းထည့်ပြီး ပစ်ခတ်ကာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြောင်း မျက်မြင်တွေ့ လိုက်ရသူ ဝီလီယမ်လိုဝီက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဘရွတ်ကလင်းအရပ်တွင် ကားတစ်စီး လမ်းဘေးရေဆင်းမြောင်းပေါက်တစ်ခုအတွင်း ကျွံကျသွားသည်ကို မတ် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

ဓာတ်အားပေးစက်အသစ်များ ကျူးဘားတွင် သုံးစွဲသွားမည်

ဟာဗားနား မတ် ၂၈

နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား မလုံလောက်မှုဖြစ်ပေါ်သည့် ပြဿနာကို ဖြေရှင်းရန်အတွက် ကျူးဘားနိုင်ငံ ဟာဗားနားမြို့တော်တွင် လျှပ်စစ်ဓာတ်အားပေးစက် အသစ်များကို တည်ဆောက်လျက်ရှိကြောင်း ကျူးဘားအစိုးရပိုင်သတင်းဌာန ပရင်စာလာတီနာက မတ် ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

လုံလောက်စွာပေး

လူဦးရေ ၁၁ ဒသမ ၂ သန်းနေထိုင်သော ဟာဗားနားမြို့ကို လျှပ်စစ်ဓာတ်အား လုံလောက်စွာပေးနိုင်ရေးအတွက် ဓာတ်အားထုတ်စက် ဂျင်နရေတာပေါင်း ၃၀၀၀ ကျော်ကို တပ်ဆင် အသုံးပြုသွားမည်ဖြစ်သည်ဟု ကျူးဘားအရာရှိများက ပြောကြားကြသည်။

သုံးစွဲ

လက်ရှိအခြေအနေတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၌ ကျူးဘားနိုင်ငံသည် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်စက်ကြီးများကို အသုံးပြုလျက်ရှိသည်။ စွမ်းအင်လုပ်ငန်းဆိုင်ရာ အစီအစဉ်သစ်အရ အဆိုပါ ဓာတ်အားထုတ်စက်ကြီးများ နေရာတွင် စရိတ်ပိုမိုသက်သာပြီး ပိုမိုထိရောက်မှုရှိသော လျှပ်စစ်ဓာတ်အား ထုတ်စက် အငယ်စား ၄၁၅၈ လုံးကို အစားထိုး သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ချုပ်ဆို

လာမည့်မေလတွင် ဓာတ်အား လုံလုံလောက်လောက် ပေးနိုင်ရန်အတွက် ဖော်ပြပါ ဓာတ်အား ထုတ်စက်ငယ်များ ဝယ်ယူတပ်ဆင်ရေးကိစ္စကို ကန်ထရိုက်စာချုပ် ချုပ်ဆိုထားကာ ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်လုပ်ငန်းဆိုင်ရာ အစီအစဉ်သစ်ကို အကောင်အထည်ဖော်ရာ၌ ကျူးဘားနိုင်ငံသည် ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းတွင် သဘာဝဓာတ်ငွေ့လောင်စာ သုံးစွဲရေးကိုလည်း တိုးချဲ့ လုပ်ကိုင်သွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကော့စ်တာရီကာနိုင်ငံ ဆန်ဟိုဆေးမြို့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အနုပညာပွဲတော်၌ တင်ဆက်မည့် "ဝေဟင်မှနတ်မိမယ်"များ ပြကွက် အတွက် ကချေသည်များ လေ့ကျင့်နေသည်ကို မတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဘူလ်ဂေးရီးယားနိုင်ငံ မြို့တော် ဆိုဖီယာတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကြောင်ပြပွဲ၌ ပြသထားသော ကြောင်တစ်ကောင်ကို မတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အေသင်မြို့၌ ဗုံးပေါက်ကွဲ

အေသင် မတ် ၂၈

ဂရိနိုင်ငံ အေသင်မြို့အလယ်ပိုင်း စီးတီးဘဏ်ခွဲအပြင်ဘက်၌ တနင်္ဂနွေနေ့တွင် အိမ်လုပ်ဗုံးတစ်လုံး ပေါက်ကွဲရာ ဘဏ်အဝင်ပေါက် ပျက်စီးသွားသော်လည်း ဒဏ်ရာရရှိသူမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အေသင်မြို့ အလက်ဇန္ဒြားရိပ်သာ အလယ်ပိုင်းရှိ အဆိုပါ ဘဏ်အပြင်ဘက်တွင် နာရီဝက်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားမည်ဖြစ်ကြောင်း အမည်ထုတ်ဖော်ပြောကြားခြင်းမရှိသူ တစ်ဦးက သတင်းစာတိုက်သို့ ဖုန်းဆက်သတိပေးခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ သတိပေးပြောကြားမှုကို ဒေသစံတော်ချိန် ၂၃၃၀ နာရီ (ဂရင်းနစ်စံတော်ချိန် ၂၁၃၀ နာရီ)တွင် သတင်းစာတိုက်က ရရှိခဲ့သည်။ အဆိုပါနေရာကို ရဲတပ်ဖွဲ့က ချက်ချင်းပိတ်ဆို့ဝန်းရံထားလိုက်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက် နှစ်ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အရှေ့ဘက်တွင် ပြီးခဲ့သောတနင်္လာနေ့က မီနီဘတ်စ်ကားငယ်အတွင်း ပေါက်ကွဲစေတတ်သောပစ္စည်း အပြည့်အသိပ်တင်ပြီး ဖောက်ကွဲတိုက်ခိုက်ခဲ့သည့်အတွက် လူနှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများအရသိရှိရသည်။

အဆိုပါဖောက်ကွဲမှုသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ် ကမ္ဘာ့စံတော်ချိန် ၈ နာရီ ၂၅ မိနစ် အချိန်တွင် ဘဂ္ဂဒက်မြို့ မူဇာဖာအရပ်တွင် ပေါက်ကွဲသွားခြင်းဖြစ်သည်။ ဗုံးများတင်ဆောင်လာသောကားမှာ မီနီဘတ်စ်အမျိုးအစားဖြစ်ပြီး အရပ်သားနှစ်ဦး သေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း အမည်မဖော်လိုသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ထိုပေါက်ကွဲမှုကြောင့် အနီးအနားတွင်ရပ်ထားသော ကားအများအပြားလည်း ပျက်စီးသွားသည်ဟု ဆိုသည်။

ယင်းဖောက်ခွဲမှုမဖြစ်ပွားမီက အီရတ်ရဲတပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ကင်းလှည့်နေကြစဉ် အသတ်ခံထားရသော အလောင်းကိုးလောင်းကို တွေ့ရှိခဲ့ကြသေးကြောင်း ရဲတပ်ဖွဲ့သတင်းများက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုက်ဘေးရီးယားဒေသ၌ ရဟတ်ယာဉ်ပျက်ကျ လူလေးဦး သေဆုံး

မော်စကို မတ် ၂၈

အမ်အိုင်-၈ အမျိုးအစား ရဟတ်ယာဉ်တစ်စင်း ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ ယာကူတီယာအရပ်အနီးတွင် ပျက်ကျသွားခဲ့ရာ ရဟတ်ယာဉ်ဝန်ထမ်းသုံးဦးနှင့် ခရီးသည်တစ်ဦး သေဆုံးခဲ့ကြောင်း တနင်္လာနေ့တွင် ဒေသဆိုင်ရာ အရေးပေါ်ဌာနက ပြောကြားသည်။

နောက်ဆုံးရရှိသည့် သတင်းအရ ရဟတ်ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူ ၁၂ ဦးရှိပြီး ရဟတ်ယာဉ်ဝန်ထမ်းငါးဦးလည်းပါဝင်ကြောင်း၊ ယင်းငါးဦးမှ ဝန်ထမ်းသုံးဦးတို့ သေဆုံးခဲ့ကြသည်ဟု အီတာတာ့စ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရဟတ်ယာဉ်သည် လူသားချင်း စာနာထောက်ထားရေး အကူအညီပေးနေသည့် မစ်ရှင်ခရီးစဉ်အတွက် ပျံသန်းခဲ့ရာတွင် လေဆိပ်မရောက်မီ ပျက်ကျသွားရခြင်းဖြစ်သည်ဟု ဆိုသည်။

ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့သူ၊ အသက်မသေကျန်ရှိသူများကို ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇီဝဒီဇယ်လောင်စာစက်ရုံ တည်ဆောက်ရန် ဖင်လန်နှင့်ဩစတြီးယား သဘောတူ

ဟယ်လ်ဆင်ကီ မတ် ၂၈

ဖင်လန်နိုင်ငံ နက်စ်တီရေနံကုမ္ပဏီနှင့် ဩစတြီးယားအမ်အိုဗွီ ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီတို့သည် လာမည့်နှစ်တွင် ဇီဝလောင်စာထုတ်လုပ်နိုင်ရန်အတွက် စက်ရုံကြီးတစ်ရုံကို ပူးပေါင်းတည်ဆောက်ရန် သဘောတူခဲ့ကြသည်ဟု နက်စ်တီရေနံကုမ္ပဏီမှ မတ် ၂၇ရက်တွင်ပြောကြားသည်။

နားလည်မှုစာချွန်လွှာအရ အဆိုပါစက်ရုံကို ဩစတြီးယားနိုင်ငံအိုအမ်ဗွီကုမ္ပဏီ၏ ရေနံချက် စက်ရုံနေရာတွင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၀၈ခုနှစ် နှစ်ကုန်ပိုင်း၌ ဇီဝဒီဇယ်ကို စတင်ထုတ်လုပ်မည်ဖြစ်သည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းများ ဖွင့်လှစ်

ရန်ကုန် မတ် ၂၉

ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊သချ်ာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ခန်းမဆောင်(၃)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ မြန်မာနိုင်ငံ ပညာရည်မြင့်မားရေး လမ်းညွှန်များနှင့်အညီ အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊သချ်ာနှင့်ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းကို နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၀တွင် တက္ကသိုလ် ဆရာ၊ ဆရာမများက ဦးဆောင်၍ ဖွင့်လှစ်လေ့ကျင့်ပေးနေပြီဖြစ်ကြောင်း၊ အဆိုပါသင်တန်းများသို့ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများအားလုံး တက်ရောက်နေကြပြီဖြစ်ကြောင်း၊ အခြေခံပညာ ဆရာ၊ ဆရာမများ အရည်အသွေး ပြည့်ဝရေး၊ သင်ထောက်ကူပစ္စည်းများ အပြည့်အဝ အသုံးချသင်ကြားရေး ဘာသာရပ်သင် ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးတို့အတွက် ဤသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လာကြသည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း ကြိုးစားလေ့လာသင်ယူမှတ်သား သွားကြစေလိုကြောင်းနှင့် ပို့ချပေးမည့် တက္ကသိုလ် ဆရာ၊ ဆရာမများကလည်း မိမိတို့ ပို့ချပေးရမည့် ဘာသာရပ်များအလိုက် သင်ကြားမှု အရည်အသွေး မြင့်မားလာအောင် စွမ်းစွမ်းတမံ ကြိုးစားပို့ချပေးကြစေလိုကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဝန်ကြီးသည် အင်္ဂလိပ်စာဘာသာပြ ဆရာ၊ ဆရာမများ Language Lab၌ တက်ရောက်သင်ယူနေမှုကိုလည်းကောင်း၊ ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ သိပ္ပံလက်တွေ့ခန်း၌ လက်တွေ့ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သချ်ာဘာသာပြ ဆရာ၊ ဆရာမများ Computer ဖြင့် လက်တွေ့သင်ယူနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး သင်တန်းတက်ရောက်လာကြသည့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တွင် ဖွင့်လှစ်သော အခြေခံပညာအထက်တန်းအဆင့် မွမ်းမံသင်တန်းသို့ ဘာသာပြ ဆရာ၊ ဆရာမ ၁၆၉ဦး တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မွန်းလွဲ ၁နာရီတွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် စာသင်ခန်းမ(၁)၌ ကျင်းပသော အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး သင်တန်း တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဘာသာရပ်အလိုက် သင်ကြားပြသနေသည့် Language Lab၊ သိပ္ပံလက်တွေ့ခန်းနှင့် စာသင်ခန်းများတွင် လက်တွေ့သင်ကြားသင်ယူနေမှုများကို လှည့်လည် ကြည့်ရှု အားပေးသည်။

ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တွင် ဖွင့်လှစ်သော အဆိုပါသင်တန်းသို့ ဘာသာပြ ဆရာ၊ ဆရာမ ၁၁၅ဦး တက်ရောက်ကြသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်သည် ယနေ့နံနက် ၈နာရီတွင် မန္တလေးမြို့ ရတနာပုံ တက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပသော အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် သင်ကြားပြသနေသည့် Language Lab၊ သိပ္ပံလက်တွေ့ခန်းနှင့် စာသင်ခန်းများ၌ လက်တွေ့ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါသင်တန်းသို့ ဘာသာပြ ဆရာ၊ ဆရာမ ၂၂၉ဦး တက်ရောက်ကြသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်သည် ယနေ့နံနက်၁၀နာရီတွင် ကျောက်ဆည်တက္ကသိုလ် ဇေရာဇ်ခန်းမ၌ကျင်းပသော အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ဆရာ၊ ဆရာမ ၆၆ဦး တက်ရောက်ကြသည်။

တက်ရောက်

အခြေခံပညာ အထက်တန်းအဆင့် ဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းများကို တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၀တွင် မတ် ၂၈ရက်မှ မေ ၂၆ရက် အထိ ဖွင့်လှစ်သင်တန်းပေးလျက်ရှိရာ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမ ၆၉၃၂ဦး တက်ရောက်လျက်ရှိသည်။ (သတင်းစဉ်)

အခြေခံစည်းရုံးရေး သင်တန်းဖွင့်

ရန်ကုန် မတ် ၂၉

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေက မြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများမှ အသင်းဝင်များအား အသင်းဝင်အသိအမှတ်ပြုကတ်ပြားများကို ကိုယ်စားလှယ်တစ်ဦးအား ပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ ကျင်းပရာ မြို့နယ်တွဲဖက်အတွင်းရေးမှူး ဦးဝင်းမော်က အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံရယူပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ကြေးမုံ)

ရန်ပြေမာန်ပြေအေးစေတီ ထီးတော်တင်မည်

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူညာဏရပ်ကွက် ရွှေနံ့သာကျေးရွာ နဝင်းကျောင်းတိုက်၌ နဝင်းဆရာတော်အားအမှူးပြု၍ တပည့်ဒါယကာ၊ ဒါယိကာမများမှ တည်ထားကိုးကွယ်သော ဆုတောင်းပြည့် ရန်ပြေမာန်ပြေအေးစေတီတော်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၂ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

လမ်း ၅၀ ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၉

ဗိုလ်တထောင်မြို့နယ် အမှတ် (၅)ရပ်ကွက် လမ်း ၅၀ (အောက်လမ်းသွယ်)ရှိ ဓမ္မမာမကဓမ္မာရုံ၌ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့ ညောင်ပင်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် မိုးကုတ်နယ်လှည့် ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ အရှင်မာလာစာရ (ဓမ္မာစရိယ)က မတ် ၃၁ ရက်မှ ဧပြီ ၂ ရက်အထိ သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။

ထို့အတူ အဆိုပါဓမ္မာရုံတွင် ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် နှစ် ၃၀ ကျော်သက်တမ်းရှိ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းမှ ဆရာ၊ ဆရာမများက ဦးစီး၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းကို ဧပြီ ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ရာ နံနက် ၈ နာရီမှ ၁၀ နာရီထိ တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်တက္ကသိုလ်တွင် အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်လှစ်

ပြည် မတ် ၂၉

အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သချ်ာ၊ ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပြည်တက္ကသိုလ် လေးထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမတွင် မတ် ၂၈ ရက် နံနက် ၈ နာရီက ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးမှူးများ၊ အထက ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဦးမြဝင်းက သင်တန်းနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဦးဝင်းမြင့်က သင်တန်းစည်းကမ်းနှင့် စာမေးပွဲစည်းကမ်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်း ပြောကြားကြသည်။

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) တိုင်းပညာရေးမှူး ဦးဖုန်းမြင့်လွင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသွားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၃၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၈ ရက်မှ မေ ၂၆ ရက်အထိ ဖြစ်သည်။ (သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

သင်္ကြန်ရက် ယာယီရေဆက်သွယ်ရန် လျှောက်ထားရမည် ခွင့်ပြုမိန့်မရဘဲ ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်

ရန်ကုန် မတ် ၂၉

၁၃၆၇ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေဆက်သွယ်ကစားလိုသည့်ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်း)သို့ ဧပြီ ၁၁ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့် လျှောက်ထားကြရမည်ဖြစ်သည်။

ခွင့်ပြုမိန့်လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်(ရေ/သန့်)တာဝန်ခံတို့၏ မှတ်ချက်ရယူပြီး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်ကို ပူးတွဲ၍ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု) ဝန်ထမ်းများက ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်သူများလိုက်နာရန် စည်းကမ်းချက်များနှင့်အညီ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင် ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်းမပြုကြရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ပ အားကစား သတင်းများ

ဥရောပချန်ပီယံလိဂ် ပထမဆင့် ကွာတားပွဲတွင် ဘာစီလိုနာနှင့် ဘင်ဖီကာအသင်းသရေကျ

လစ္စဘွန်း(ပေါ်တူဂီ) မတ် ၂၈

ဥရောပချန်ပီယံလိဂ် ဘောလုံးပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ဘင်ဖီကာအသင်းနှင့် ဘာစီလိုနာအသင်းတို့ မတ် ၂၈ရက်က ကွာတားဖိုင်နယ်ပထမအဆင့်ပွဲကို ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေပွဲဖြင့် အဆုံးသတ်သွားသည်။

ဘင်ဖီကာအသင်းသည် နာမည်ကြီး မန်ချက်စတာယူနိုက်တက်အသင်းနှင့် လက်ရှိချန်ပီယံ လီဗာပူးအသင်းတို့ကို ပြိုင်ပွဲမှဖြုတ်နိုင်ခဲ့သောအသင်းဖြစ်ပြီး ယနေ့ပွဲ၌လည်း ဘာစီလိုနာအသင်း၏ တိုက်စစ်ကို ကြံ့ကြံ့ခံကာ ဂိုးမရှိသရေပွဲဖြစ်အောင် တင်းခံနိုင်ခဲ့သည်။

ကာကွယ်နိုင်

ယနေ့ပွဲတွင် ဘင်ဖီကာအသင်းဂိုးသမား မိုရီတိုသည် အထူးပင် အစွမ်းပြခဲ့သည်။ ယှဉ်ပြိုင်ဘက် ဘာစီလိုနာအသင်းမှ ရော်နယ်ဒင်ဟို၊ ဘာကာ၊ ဗင်ဘိုမယ်လ်တို့က အကြိမ်ကြိမ်ကန်သွင်းသော ဘောလုံးများကို ဂိုးမပေးရစေရန် ဂိုးသမားမိုရီတိုက အခါခါ ဖမ်းဆီးကာကွယ်နိုင်ခဲ့သည်။

ပွဲစတင်ကစားခါစမိနစ်ပိုင်းအချိန်က ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟိုက နှစ်ကြိမ်နှစ်ခါကန်သွင်းသည်ကို မိုရီတိုက နှစ်ချီနှစ်လ လုလုပပ ကာကွယ်လိုက်နိုင်သဖြင့် တစ်ဖက်အသင်းမှ စိတ်ပျက်သွားရသည်အထိ ဖြစ်ခဲ့ရသည်။

ဒုတိယပိုင်းတွင် ဘာကာ၏ကန်ချက်နှစ်လုံးမှလည်း နှစ်ကြိမ်တိုင်ဂိုးတိုင်ကို ထိခဲ့ရပြန်သည်။ လာဆင်ကန်သွင်းလိုက်သော ဘောလုံးမှာ ဘားတန်းကို ထိကာပြန်ထွက်လာသည်ကို သီယာဂိုမိုတာက ခေါင်းတိုက်သွင်းခဲ့သော်လည်း ဂိုးပေါက်နှင့်လွဲသွားခဲ့ရသည်။

ဘာစီလိုနာအသင်းတွင် လူစားဝင်လာသူ ဖာဖရီဇီရိုမီကိုလီက ဘောလုံးကို အပြေးဝင်ကာ ကန်သွင်းလိုက်သည့် ဘောလုံးသည်လည်း ဂိုးပေါက်နားမှ ကပ်၍ ထွက်သွားခဲ့သဖြင့် ကံခေခဲ့ရပြန်သည်။

အိမ်ရှင် ဘာစီလိုနာအသင်းမှ ရော်နယ်ဒင်ဟိုမှာ ပညာသားပါပါဖြင့် အကွက်ဆင်ဖန်တီးပေးကာ ကစားသွားခဲ့သော်လည်း ယနေ့ပွဲတွင် ဘင်ဖီကာအသင်းမှ ဂိုးသမား မိုရီတို လက်တွေ့နေသဖြင့် ကန်သွင်းလိုက်သမျှ ဂိုးမရဘဲ ရှိခဲ့ရသည်။

ဘင်ဖီကာအသင်းမှ ဘီတိုနှင့် ဘာစီလိုနာအသင်းမှ ရော်နယ်ဒင်ဟို တို့ ဘောလုံးကို အပြိုင်အဆိုင်လုနေကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ယနေ့ပွဲတွင် ဘင်ဖီကာအသင်းမှ ရှေ့တန်းတိုက်စစ်မှူးများသည် တစ်ဖက်အသင်း၏ ဂိုးဧရိယာအတွင်းမှ ကန်သွင်းခွင့်မရကြဘဲ အဝေးမှသာ ဂိုးပေါက်အတွင်းသို့ ကန်သွင်းနေကြရသည်။ ပထမပိုင်းတွင် ဘင်ဖီကာအသင်းမှ ဆာဘရိုဆာဆီမာအို၊ မယ်နျူရယ် ဖာနန်ဒက်စ်၊ ဂီရိုဗီနီနှင့် ပီတိတ်တို့သည် အဝေးမှကန်သွင်းကြသော်လည်း ဂိုးမရနိုင်ဘဲ ရှိခဲ့ကြသည်။

ဘင်ဖီကာအသင်းသည် ကြောက်စရာကောင်းသော အသင်းတစ်သင်းဖြစ်သည်။ ယနေ့ပွဲတွင် မိမိတို့ဘက်က ဂိုးသွင်းခွင့်ရခဲ့သော်လည်း အနိုင်မရခဲ့သည်မှာ ရှက်စရာပင်ဖြစ်သည်။ သို့ရာတွင် သရေကျခဲ့သည်ကိုပင် မိမိအားရမိပါသည်ဟု ဘာစီလိုနာအသင်းမှ နည်းပြဆရာ ဖရင့်ရီကတ်က ပြောကြားခဲ့သည်။

အခွင့်အရေးရှိ

ယနေ့ပွဲတွင် ပထမပိုင်းအချိန်က ကစားသကဲ့သို့ မိမိအသင်း ကစားလျှင် ဒုတိယဆင့် ကွာတားပွဲတွင် မိမိအသင်းအတွက် ဒုက္ခတွေ့နိုင်ပါသည်ဟု ဘင်ဖီကာအသင်းနည်းပြဆရာ ရောနယ်ကိုးမင်က ပြောကြားသည်။ သို့ရာတွင် ဒုတိယဆင့် ကွာတားပွဲ၌ ယနေ့ပွဲ ဒုတိယပိုင်းတွင် ကစားသကဲ့သို့ ကစားလျှင် မိမိအသင်းအတွက် အခွင့်အရေးရှိသည်ဟု ၎င်းကပင် ဆက်လက်ပြောကြားသည်။ ***အင်တာနက်။***

အာဆင်နယ်အသင်း ၂–၀ဖြင့် ဂျူဗင်တပ်စ်ကိုနိုင် အကြိုဗိုလ်လုပွဲသို့ ခြေတစ်ဖက်လှမ်း

လန်ဒန် မတ် ၂၉

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဟိုက်ဘာရီကွင်းတွင် မတ် ၂၈ရက်က ကစားသော ဥရောပချန်ပီယံလိဂ် ပထမဆင့်ကွာတားဖိုင်နယ်ပွဲတွင် အာဆင်နယ်အသင်းက ပြိုင်ဘက် ဂျူဗင်တပ်စ်အသင်းကို ၂–၀ဖြင့်အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းရန် အခွင့်သာနေပြီဖြစ်သည်။

ထိုပွဲတွင် ပထမဂိုးကို စပိန်ဆယ်ကျော်သက်ရွယ်ဘောလုံး တိုက်စစ်မှူး ဖာဘရီဂတ်စ်က မိနစ် ၄၀အကြာတွင် သွင်းယူပေးခဲ့ပြီး ဒုတိယအနိုင်ဂိုးကို ပွဲကစားချိန် ၆၉မိနစ်အကြာတွင် အသင်းခေါင်းဆောင် အွန်နရီက သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစတင်ချိန်က အာဆင်နယ်အသင်းမှ ခြေမပေါ်လှသေးသော်လည်း ကစား ချိန်မိနစ် ၃၀ကျော်လာသောအခါ အာဆင်နယ်က တစ်ဖက်အသင်း အပေါ်တစ်စတစ်စလွှမ်းမိုးမှု ပိုရလာခဲ့သည်။ အာဆင်နယ်အသင်းမှ ရောဘတ် ပီရက်က ဗီယာရာနှင့် ယှဉ်ပြိုင်လုရာမှရလာသော ဘောလုံးကိုအသင်းခေါင်းဆောင် အွန်နရီထံသို့ ပို့ပေးလိုက်သည်။ အွန်နရီက ဖာဘရီဂတ်စ်ထံ ဆက်လက်ပို့ပေးလိုက်သည်ကို ၎င်းက ကန်သွင်းလိုက်ရာ ဂျူဗင်တပ်စ် ဂိုးသမား မည်သို့မျှမတတ်နိုင်ဘဲ ဂိုးဝင်သွားခြင်းဖြစ်သည်။

တစ်ဂိုးအသာဖြင့် ဒုတိယပိုင်း ဆက်လက်ကစားနေရာ ၆၉မိနစ်အကြာတွင်အာဆင်နယ် အသင်းခေါင်းဆောင်ကန်သွင်းခွင့်ရပြီး ဒုတိယအနိုင်ဂိုးကို ရယူလိုက်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဆင်နယ်အသင်း အနိုင်ဂိုးကို သွင်းယူစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဂုဏ်ပြုဆုချီးမြှင့်

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၁၂ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးမောင်ငြိမ်း (ငြိမ်း)က ခြောက်ဘာသာ ဂုဏ်ထူးရှင် မအိပေမာမြင့်ရီအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

အိုင်စီတီ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းမှ ကြီးမှူးကျင်းပမည့် “Challenges and Opportunity in ICT Industry” ဟောပြောပွဲကို ဆရာခင်မောင်ညို (ဘောဂဗေဒ)က ဧပြီ ၁ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် Myanmar Info-Tech (Room-205) တွင် ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်များနှင့်တကွ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင် အသင်းရုံးခန်း၊ Myanmar Info-Tech (လှိုင်တက္ကသိုလ်နယ်မြေ)၊ ဖုန်း–၆၅၂၂၃၈ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ စည်းဝေး (၃/ ၂၀၀၆)ကျင်းပ

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး(၃/၂၀၀၆)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၃) ဦးခင်ဆွေ (ရွှေစွန်ညို)က ဆောင်ရွက်သည်။

အစီအစဉ်အရ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)က ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး(၂/၂၀၀၆)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြော ဆွေးနွေးလှေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့နှင့် ထုတ်ဝေသူ မှတ်ပုံတင်စိစစ်ရေး အဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လုပ်ငန်းဆောင်ရွက်ထားမှုများကို အသီးသီး တင်ပြကြသည်။

အစည်းအဝေးတွင် ဗဟိုအမှုဆောင်ကော်မတီဝင်များက ဆွေးနွေးတင်ပြကြရာ၌ မေလအတွင်း ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ချုပ်၏ အကူအညီဖြင့် အမျိုးသားအဆင့် မူပိုင်ခွင့် ဗဟုသုတတိုးပွားရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပရန်ကိစ္စ၊ ၂၀၀၆ခုနှစ် ဇွန်လအတွင်း စတုတ္ထအကြိမ် စာပေညီလာခံကျင်းပနိုင်ရေးအတွက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များ၏ မျက်နှာစုံညီ အစည်းအဝေးပွဲများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရန် နှီးဆော်ရေးကိစ္စနှင့် အခြားလိုအပ်သည့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းတို့ကို ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြကြသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမက (၁)တွင် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၃ရက်က ကျင်းပရာ ပထမတန်း (ခ)မှ ဘက်စုံထူးချွန်ပဉ္စမဆုရရှိသော မောင်ခန့်ညီညီဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ကြူ ဆုချီးမြှင့်စဉ်။ (၆၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၃–၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ (အပိုင်း–၂)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	လွယ်ကူသက်သာ မြန်မာဟင်းလျာ (ငါးမုန့်ကြော်နှပ်ချက်)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	စပါးမျိုးမှ၀တ်မှုံအသုံးပြု၍ တစ်သျှူးနည်းဖြင့်မျိုးစပါး ထုတ်လုပ်ခြင်း
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	မနိုင်သောအရှုံး (ဟက်ကက်၊ဇင်ရဲထက်၊ ခိုင်သင်းကြည်)
၈း၄၀	ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား
၉း၁၀	တေးဂီတအစီအစဉ်
၉း၂၀	မိုးလေဝသခန့်မှန်းချက်
၉း၂၀	အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ(၁)
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	မြန်မာစာ၊မြန်မာ့စကား(၉)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ဆွာချောင်းရေလှောင်တမံ
၁၀း၁၀	Celebrity Profile (ဗိုလ်ကလေးတင့်အောင်)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၀	ကန်တော်ကြီး ရေချိုငါးဥယျာဉ်(အပိုင်း–၁)
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ(အပိုင်း–၂)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	လျှပ်စစ်အန္တရာယ်နှင့် ရှေးဦးသူနာပြုစုနည်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

❍ ကျောဖုံးမှ

ထို့နောက် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က တံတားသစ်ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်ကို တိုင်းမှူးထံ ပေးအပ်ပြီး မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ ကော့ပရံကျေးရွာ တံတားတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သန်းတို့က အုတ်ခုံကွန်ကရစ်တံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အုတ်ခုံကွန်ကရစ်တံတားသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တံတားသစ်ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အုတ်ခုံကွန်ကရစ်တံတားသည် အရှည်ပေ ၄၀၊ အကျယ် ၁၆ပေရှိပြီး မုဒုံ-ကော့ပရံလမ်းပေါ်တွင်ရှိ၍ စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေ ကျပ် ၄၈၃၀၀၀၀၊ ပြည်သူများလှူဒါန်းငွေကျပ် ၂၇၀၀၀၀၀၊ စုစုပေါင်းငွေကျပ် ၇၅၃၀၀၀၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တံခွန်တိုင်ကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း၊ မုဒုံသုတေသနနှင့် မျိုးပွားခြံ၌ ရော်ဘာများတွင် ပျားရည် ထုတ်ယူမှုကို စမ်းသပ်လေ့လာနိုင်ရန်အတွက် သုတေသန ပြုလုပ်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပျားလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်တင်က ပျားဖယောင်း ပျားရည်ထုတ်လုပ်ပုံများကို လက်တွေ့ပြသ ဆောင်ရွက်ခြင်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ ပြည်တော်သာ လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက ပြည်တော်သာလမ်း ကတ္တရာ လမ်းသစ်ဖွင့်ရခြင်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က ကတ္တရာလမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံငယ်ကို တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် မော်လမြိုင်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ လမ်းဖြစ်မြောက်ရေးကော်မတီနာယက ဦးသန်းထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကတ္တရာလမ်းသစ် မှန်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ကျုံကဒတ်ကျေးရွာ ပြည်တော်သာလမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၃၃၆၀ ၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၆၈၇၂၆၀၀၊ ပြည်သူများမှ ငွေကျပ် ၉၂၆၈၆၀၀ စုစုပေါင်း ငွေကျပ် ၁၆၁၄၁၂၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးသည် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ ပြည်တော်သာ ကျောင်းဆရာတော်ဦးဥတ္တမအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် မုတ္တမ ကျွဲခြံဘူတာရဲစခန်း၊ ဘူတာရုံအဝင်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

❖ တိုကျိုမြို့တွင်မှ

ယာဉ်မတော်တဆမှုများကိုပါ နောက်ဆုံးခန့်မှန်းချက်တွင် ထည့်သွင်းစဉ်းစားထားသဖြင့် သေဆုံးသူဦးရေ တိုးလာရခြင်းဖြစ်သည်ဟုဆိုသည်။

နောက်ဆုံးခန့်မှန်းချက်ကိုပြုလုပ်ရာတွင် ယူဆချက်များ ကြိုတင်သတ်မှတ်ထားပြီးမှ တွက်ချက်ခန့်မှန်းခဲ့ခြင်းဖြစ်သည်။ ငလျင်၏ ဗဟိုချက်မှာ တိုကျိုပင်လယ်ကွေ့တွင်တည်ရှိပြီး ငလျင်၏ပြင်းအားမှာ ရစ်ချ်တာစကေးအရ အင်အား ၇ ဒသမ ၃ အဆင့်ရှိကာ ငလျင်လှုပ်ချိန်မှာ ညနေ ၆နာရီတွင် ဖြစ်မည်ဟု မှတ်ယူထားသည်။

ဖော်ပြပါ ဘေးအန္တရာယ်ခန့်မှန်းချက်အခြေအနေများအပေါ် လေ့လာ သုံးသပ်ပြီးနောက် တိုကျိုမြို့တော်၏ ဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် အရေးပေါ်အခြေအနေကယ်တင်ရေး အစီအမံများကို ရေးဆွဲသွားမည်ဖြစ်ကြောင်း တိုကျိုမြို့တော်မှ တာဝန်ရှိသူများက ပြောကြားသည်။

ယခု နောက်ဆုံးခန့်မှန်းချက်တွင် အန္တရာယ်တစ်ခုချင်းအလိုက် အသက်ဆုံးရှုံးမှုဖြစ်ပွားနိုင်သည့် လူဦးရေကိုပါ တွက်ချက်ဖော်ပြထားသည်။ ငလျင်ကြောင့် ဖြစ်ပေါ်သော မီးလောင်မှုကြောင့် သေဆုံးရသူ ၂၇၀၀ ခန့်၊ အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးရသူ ၁၇၀၀ ခန့်၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးရသူ ၃၉၀ ခန့် စသည်ဖြင့် အသီးသီး အသေအပျောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ လက်ရှိအခြေအနေတွင် တိုကျိုမြို့၌ လူဦးရေ ၁၂ သန်းခန့် နေထိုင်လျက်ရှိသည်။

ငလျင်လှုပ်ချိန်တွင် မြို့တော်အတွင်းရှိ ဓာတ်လှေကားပေါင်း ၉၅၅၀ ခန့်တို့ ရပ်ဆိုင်းသွားနိုင်ပြီး လူပေါင်း ၁၄၅၀၀ မျှ ပိတ်နေနိုင်သည်ဟု ဆိုသည်။

ဂျပန်နိုင်ငံသည် ဘူမိမြေလွှာချပ် လေးခုဆုံရာနေရာတွင် တည်ရှိနေသည့်အတွက် မကြာခဏ ငလျင်လှုပ်သည့်ဒဏ်ကို ခံရသည်။ သို့ဖြစ်၍ ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် အခြားအဓိကမြို့ကြီးများရှိ အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်အောင် တည်ဆောက်ထားကြသည်။

တိုကျိုမြို့တွင် နောက်ဆုံးလှုပ်ခဲ့သော ငလျင်သည် ၁၉၂၃ခုနှစ်က ဖြစ်သည်။ ထိုငလျင်ကို ကန်တိုငလျင်ကြီးဟု လူသိများသည်။ ယင်းငလျင်လှုပ်စဉ်က လူပေါင်း ၁၄၂၈၀၇ဦးမက သေဆုံးခဲ့ရသည်ဟု ဆိုသည်။ ဂျပန်နိုင်ငံသည် နှစ်စဉ် စက်တင်ဘာ ၁ ရက်နေ့ရောက်တိုင်း တစ်နိုင်ငံလုံးတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနေ့အဖြစ် သတ်မှတ်ကာ ကယ်ဆယ်ရေးလေ့ကျင့်ခန်းများ ပြုလုပ်လေ့ရှိသည်။ **အင်တာနက်**

▲ သွေးလွန်တုပ်ကွေးရောဂါမှ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ဖြည့်စွက်ဆွေးနွေး မှာကြားကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် အနော်မာ (၂၁) လမ်း၌ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများ ပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းရပ်များဖြစ်သည့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးမှုတ်ခြင်း၊ ရေတွင်း၊ ရေကန်များအတွင်း လောက်လန်းစားငါးများ ထည့်သွင်းမွေးမြူပေးခြင်း၊ ABADE ဆေးခတ်ခြင်း၊ ဖုံးသွန်လဲ စစ် စနစ် ကျင့်သုံးရေး ပညာပေးသရုပ်ပြသခြင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြပြီး ရပ်ကွက်နေပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကြသည်။ (သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော်

မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ဖြစ်သော မဟာသင်္ကြန်ပွဲတော်သည် မြန်မာပြည်သူတို့သာမက ကမ္ဘာလှည့်များ အနှစ်သက်ဆုံး၊ အပျော်ရွှင်ဆုံးပွဲတော်ဖြစ်သည်။

မတ် ၂၉ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ (၃၅)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမျိုးသားနေ့နှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr, M. Khairuzzaman က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❒ ကမ္ဘာလှည့်ခရီးသွားမှ

နာဂနှစ်သစ်ကူးပွဲတော် ကျင်းပသည်။ ကမ္ဘာလှည့် ခရီးသည်တို့ အထူးစိတ်ဝင်စားသော ပွဲတော်များဖြစ်သည်။

အာနန္ဒာဘုရားပွဲတော်

ထို့အတူ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တို့စုဝေးရာ ပုဂံမြေရှိ အာနန္ဒာဘုရားပွဲတော်ကိုလည်း ဇန်နဝါရီလအတွင်းမှာပင် ကျင်းပကြောင်း သိရသည်။ အာနန္ဒာဘုရားပွဲတော်မှာ အထူးစိတ်ဝင်စားစရာကောင်းလှသည်။ လှည်းတန်းကြီးများဖြင့် ဘုရားဖူးလာကြသူ ကျေးလက် ပြည်သူများ၊ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေပေရာ ကမ္ဘာလှည့်ခရီးသည်တို့ စိတ်ဝင်စားဖွယ်ရာဖြစ်နေသည်။

မဟာမုနိဘုရားပွဲတော်

ဖေဖော်ဝါရီလတွင် မြန်မာတို့၏ ယဉ်ကျေးမှုမြို့တော်ဖြစ်ပြီး တစ်ချိန်က မင်းနေပြည်တော်ဖြစ်ခဲ့သည့် မန္တလေးမြို့၌ မဟာမုနိဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အင်းတော်ကြီးဘုရားပွဲတော်

မတ်လတွင် အင်းတော်ကြီးဘုရားပွဲတော် ကျင်းပသည်။ အင်းတော်ကြီးဘုရားသည် ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်အတွင်း တည်ထားပြီး အဆိုပါဘုရားပွဲတော်ကို ၁၀ရက်ကြာ ကျင်းပကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မွေတော်ကက္ကူဘုရားပွဲတော် ကျင်းပသည်။

မဟာသင်္ကြန်ပွဲတော်

ဧပြီလတွင်မူ မြန်မာတို့၏ နှစ်သစ်ကူးရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည်။ ရေစင်ပက်ဖျန်း၍ လန်းဆန်းတက်ကြွသော နှစ်သစ်ကို ကြိုဆိုသည့် မဟာသင်္ကြန်ပွဲတွင် ကမ္ဘာလှည့်ခရီးသည်တို့ ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရသည်။

မေလတွင်မူ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကျင်းပကြသည်။

ဇွန်နှင့် ဇူလိုင်လအတွင်းမှာမူ ဝါဆိုလပြည့် အခါသမယနေ့ ကျင်းပကြပြီး အလှူအတန်း ပေါများသော လရာသီဖြစ်ပြီး ပခုက္ကူ သီဟိုဠ်ရှင်ဘုရားပွဲတော် ကျင်းပသည့် အခါသမယလည်းဖြစ်သည်။

တောင်ပြုန်းပွဲတော်

ဩဂုတ်လတွင် မန္တလေးတိုင်း၌ တောင်ပြုန်းပွဲတော် ကျင်းပသည်။ တစ်ပြည်လုံးမှ လာရောက်ကြပြီး ငါးရက်ကြာ ကျင်းပကြောင်း သိရသည်။

ကျောက်ဆည်ဆင်ပွဲတော်

စက်တင်ဘာနှင့် အောက်တိုဘာလအတွင်းတွင်မူ မီးရောင်စုံထွန်းညှိ ပူဇော်ကြသည့် သီတင်းကျွတ် အခါသမယဖြစ်သည်။ အဆိုပါလများအတွင်း နာမည်ကျော်ကြားသည့် ကျောက်ဆည်ဆင်ပွဲတော်၊ အင်းလေး ဖောင်တော်ဦး ဘုရားပွဲတော်နှင့် မန္တလေးကျောက်တော်ကြီး ဘုရားပွဲတော်များ ကျင်းပသည်။

နိုဝင်ဘာလအတွင်း ရာသီဥတုမှာ ပူရာမှ အေးလာပြီဖြစ်သည်။ ဆောင်းရာသီဝင်ရောက်လာပြီဖြစ်၍ ခြေခင်းလက်ခင်းသာယာလာသည်။

စစ်ကိုင်း၌ ကောင်းမှုတော် ဘုရားပွဲတော်၊ မုံရွာ၌ သမ္ဗုဒ္ဓေဘုရားပွဲတော်နှင့် ဖိုးဝင်းတောင်ဘုရားပွဲတော်၊ ပုဂံ၌ ရွှေစည်းခုံဘုရားပွဲတော်တို့ အသီးသီး ကျင်းပကြသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော်

ထို့ပြင် တန်ဆောင်တိုင် ဆီမီးပွဲတော်လည်း အဆိုပါ လအတွင်းမှာပင် ကျင်းပသည်။ အဆိုပါ လအတွင်း ရှမ်းပြည်နယ်တောင်ကြီးမြို့၌ ကျင်းပသည့် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်မှာ ထင်ရှားပြီး မီးပုံးပျံများ လွှတ်တင်ယှဉ်ပြိုင်ကြသဖြင့်လည်း ကမ္ဘာလှည့်ခရီးသည်တို့ အထူးနှစ်ခြိုက်စွာ ကြည့်ရှုအားပေးကြသည်။

ရွှေမျက်မှန်ဘုရားပွဲတော်

၁၂ လရာသီ၏ နောက်ဆုံးလဖြစ်သည့် ဒီဇင်ဘာလတွင် ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားပွဲတော် ကျင်းပသည်။

ယနေ့ အချိန်အခါတွင် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးမှုနှင့်အတူ ပုဂ္ဂလိကပိုင်းကပါ ကြိုးပမ်းဆောင်ရွက်နေသည်။

လမ်းညွှန်မြေပုံ

မြန်မာနိုင်ငံ၏ ခရီးသွားလမ်းညွှန်မြေပုံများကိုလည်း ထုတ်ဝေဖြန့်ချိကာ ပြည်ပသို့ပါ ဖြန့်ချိလျက်ရှိသည်။ မြန်မာပြည် အသေးစိတ်မြေပုံများ၊ ရန်ကုန်မြို့၏ မြေပုံများ၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ-ညောင်ဦး၊ တောင်ကြီး၊ အင်းလေး၊ မြောက်ဦး၊ ကျိုက်ထီးရိုး၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင် စသည့် ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်ရာ ဒေသများ၏ မြေပုံများကို ရိုက်နှိပ်ဖြန့်ချိကာ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိနေသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေပင်ဖြစ်သည်။

(ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း လုပ်ငန်းခွင် ကွင်းဆင်းလေ့လာရေး ကျောင်းသား၊ကျောင်းသူများအား တွေ့ဆုံ

ရန်ကုန် မတ် ၂၉

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် နောက်ဆုံးနှစ် နည်းပညာဆိုင်ရာလုပ်ငန်းခွင်ကွင်းဆင်းလေ့လာရေးကျောင်းသား၊ ကျောင်းသူများ တွေ့ဆုံပွဲအခမ်းအနားကို မတ် ၂၇ ရက်တွင် မန္တလေးတိုင်း ပျဉ်းမနားမြို့ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာအောင်သန်းနှင့် ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား စေတုတ္ထအကြိမ် အလှူရှင်များ ဂုဏ်ပြုပွဲကို မတ် ၁၃ ရက်က ပြုလုပ်ရာ ရုပ်ပွားတော်မြတ်ကြီး ရွှေသင်္ကန်းတော်အတွက် နှစ်စဉ်အလှူရှင် ပန်းလှိုင် အရဏ်တော်ဝတ်အသင်းမှ ယခုနှစ်အထိ လှူဒါန်းငွေကျပ် ၄၄၇၆၈၇၀ လှူဒါန်းခဲ့ကြသော ဝတ်အသင်းကြီး ခမ္မာရုံမှ အကျိုးတော်ဆောင်များအား အလှည့်ကျဂေါပကအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (ဝ၄)

ဒုတိယဝန်ကြီး ဦးမောင်မြင့် အိန္ဒိယသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၂၉

အိန္ဒိယသမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ မတ် ၃၀ရက်မှ ၃၁ရက်အထိ ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံး– သံရုံးယာယီတာဝန်ခံမစ္စတာမန်နော့ချ်ကူးမား၊ ဇပဟာသီတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇော၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန စီးပွားရေးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဝတို့ လိုက်ပါသွားကြသည်။(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း ဈေးရောင်းပွဲတော်စစ်ဆေး

ရန်ကုန် မတ် ၂၉

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းသည် ယနေ့နံနက် ၁၁ နာရီတွင် ပဲခူးမြို့ ပဲခူးတိုင်း အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အထူးဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအထူးဈေးရောင်းပွဲတော်ကို မတ် ၂၆ရက်မှ စတင်ဖွင့်လှစ်ရောင်းချ၍ စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော ကုန်ပစ္စည်း ၂၉၇ မျိုးတို့ကို ဈေးနှုန်းချိုသာစွာဖြင့် နေ့စဉ်နံနက် ၈နာရီမှ ည ၈ နာရီထိ ရောင်းချလျက်ရှိသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ၏ ပြခန်းများကို ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သည့် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ယုဝတီဆောင်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ထူးထူးအောင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ – အဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းတက်ရောက်ကြမည့် ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့–အဖွဲ့ဝင် ၁၀၂ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အစီအစဉ်နှင့်အညီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သော အမျိုးသမီးများစာတတ်မြောက်အောင် ဆောင်ရွက်နိုင်ရေးနှင့် စာတတ်မြောက်လာပါက ဆက်လက်ဆည်းပူးလေ့လာနိုင်ရေးအတွက် စဉ်ဆက်ပညာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြသည့် အမျိုးသမီးရေးရာအဖွဲ့ – အဖွဲ့ဝင်များအနေဖြင့် သင်တန်းတွင်ပို့ချသော စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဆိုင်ရာများကို တတ်မြောက်အောင် သင်ယူပြီးအောက်ခြေအထိဆက်လက်ဖြန့်ဝေကာ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနညွှန်ကြားရေးမှူး ဦးစောအောင်က စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဆိုင်ရာသိကောင်းစရာများကိုရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စတင်ပို့ချ

ဖွင့်ပွဲအခမ်းအနားအပြီးတွင်သင်တန်းကို စတင်ပို့ချရာ ယနေ့မှစ၍ မတ် ၃၁ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် စာတတ်မြောက်ရေးလုပ်ငန်းသဘောသဘာဝနှင့် ပညာရယူနည်းများ၊ အခြေခံစာစဉ်များ သင်ကြားနည်း၊ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းတာဝန်များ၊ စာတတ်မြောက်ရေး ကြိုးပမ်းမှုသမိုင်း၊ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးကို ရပ်ရွာပညာပဒေသာဌာနများမှတစ်ဆင့် အကောင်အထည်ဖော်ရာတွင် အမျိုးသမီးရေးရာအဖွဲ့၏ အခန်းကဏ္ဍ၊ စဉ်ဆက်ပညာရေးသဘောအဓိပ္ပာယ်နှင့် လုပ်ငန်းစဉ်များ၊ စဉ်ဆက်ပညာရေးကို ရပ်ရွာပညာပဒေသာဌာနများဖြင့် အကောင်အထည်ဖော်ခြင်း၊ စဉ်ဆက်ပညာရေးသင်ရိုးပုံစံနှင့် လက်တွေ့လုပ်ငန်းဖော်ထုတ်ခြင်း၊ လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ဝင်ငွေတိုးလုပ်ငန်း၊ စဉ်ဆက်ပညာရေးသင်ရိုးအကောင်အထည်ဖော်ခြင်း၊ စဉ်ဆက်ပညာရေးဆိုင်ရာ သင်ကြားသင်ယူမှုပစ္စည်းများ ထုတ်လုပ်ခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များနှင့် သင်ပြနည်း၊ စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး အစီအစဉ်များ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်း၊ လုပ်ငန်းစီမံချက် ရေးဆွဲနည်း၊ အဖွဲ့လိုက်စီမံချက်များရေးဆွဲခြင်းတို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများ စတုတ္ထနေ့ ဆက်လက်ပြသ

ရန်ကုန် မတ် ၂၉

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ၏ ပြခန်းများကို ယနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ စတုတ္ထနေ့အဖြစ် ဆက်လက်ပြသထားရာ ရပ်ဝေး ရှင်လူပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၌ ဘုရင့်နောင်မင်းတရားကြီး၏ ဒုတိယမြန်မာနိုင်ငံတော် အင်ပါယာ အကျယ်အဝန်းပြမြေပုံ၊ ရဲမာန်ဝင့်ကြွားမြန်မာ့အားထင်ရှားပြန့်စည် ဟံသာဝတီ၊ ရွှေရောင်လွှမ်းသော ဒုတိယ မြန်မာနိုင်ငံတော်၊ အမျိုးဂုဏ်မမှိန်ဖို့ အနိမ့်မခံ အကြိမ်ကြိမ်တော်လှန် ဇာတိမာန်ပြခဲ့ကြပုံ၊ တိုင်းကျိုးပြည်ပြု အစဉ်ရေးရှု၊ ဝံ့ကြွားညီညီရှေ့သို့ချီ၊ နယ်ချဲ့ရန်ဘေး မြန်မာရေးသည် ဓားမာန်ပြမှ အေးစေမယ်၊ ဆည်မြောင်း ချောင်းကန် ရေပြည့်လျှံမှ ဆန်ရေရိက္ခာ ဖြိုးကြွယ်သာ၊ အရှေ့အနောက် တောင်မြောက်ဆက်သွယ် ရောင်းဝယ်ကူးသန်း ပြည်ရွှင်လန်းစေ၊ တီထွင်ကြိုးပမ်း ပြည့်ဝန်ထမ်း ခမ်းနားခိုင်မာဒို့ပြည်ရွာ စသည်တို့ကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ဇယား၊ပန်းချီကား များဖြင့် ပြသထားရာ ရပ်ဝေးရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်ပြခန်း၌လည်း ချောင်းသာရှုခင်း၊ ငွေဆောင်ရှုခင်း၊ လှပသာယာ တိုင်းဧရာ၊ ဧရာဝတီတိုင်းအတွင်းမှ ထူးခြားထင်ရှားသော ပုဂ္ဂိုလ်များ၊ ငါးပြကွက်များတွင် ရေချိုငါးမုတ်၊ ရေချိုပုစွန်၊ မိကျောင်းအရှင်များအား ပြသထားပြီး ဧရာဝတီတိုင်းအတွင်းမှ ထွက်ရှိသော ကြိမ်ထည်၊ ဝါးထည်၊ အချောထည်ပစ္စည်းများ၊ ပင်လယ်အတွင်းမှ ဆယ်ယူရရှိသော နယ်ချဲ့တို့၏ သင်္ဘောတင် ကြေးအမြောက်မှာ ၁၈၅၅ခုနှစ်တွင် သွန်းလောင်းခဲ့သော အမြောက်ဖြစ်သည်။ ဧရာဝတီတိုင်းအတွင်းမှ တံတားများ၊ ဇလွန်ပြည်တော်ပြန်ဘုရား၏ သမိုင်းကြောင်းတို့ကို ရုပ်ပုံကားချပ်၊ဓာတ်ပုံဇယား၊ ပန်းချီကားများဖြင့် ဝေဝေဆာဆာ ပြသထားသည်။

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ ကွန်ပျူတာဉာဏ်စမ်း ပြိုင်ပွဲကိုလည်း နေ့စဉ်မွန်းတည့် ၁၂နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

အဆိုပါပြပွဲကို နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ တိုင်းကျိုးပြည်ပြုအကျိုးပြုလုပ်ငန်းများပြခန်း၌ ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပရာ စိတ်ပါဝင်စားသူများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၂၉–၃–၂၀၀၆

မုံရွာ၊ စစ်ကိုင်း၊ မန္တလေး
မြင်းခြံ၊ ကျောက်ဆည်
မင်းဘူး၊ မကွေးနှင့် ပခုက္ကူ
၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီဖာရင်ဟိုက်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၃–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၀ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၀၅ ၆။ အရေးပြိုင်ပွဲ
- ၈း၁၀ ၇။ အကပဒေသာ
- ၈း၂၀ ၈။ သံလွင်တံတား(တာပါး)
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၄း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ–ဒုတိယနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
- ၅း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၁၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅း၂၅ ၈။ အဆိုပြိုင်ပွဲ
- ၅း၃၀ ၉။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း–၂) (ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊မြတ်ကေသီအောင်၊ ရတနာခင်၊ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ဝိုင်းစုခိုင်သိန်း အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၅း၄၀ ၁၀။ တေးဂီတအစီအစဉ်
- ၅း၅၀ ၁၁။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ အတီးပြိုင်ပွဲ
- ၆း၅၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း–၁၇)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်းများ
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း–၁၉)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်များသေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ **ကြက်များသေဆုံးမှုသတင်း။** မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ ၂၆-၃-၂၀၀၆နေ့အထိနှင့် မန္တလေးတိုင်း၊ မန္တလေးခရိုင်တို့တွင် ၈-၃-၂၀၀၆နေ့မှ ၂၆-၃-၂၀၀၆နေ့အထိ ကြက်နှင့်ငုံးများသေဆုံးမှုနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အောက်ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်-

(က) ကြက်သေဆုံး/ဖျက်ဆီးမှု

ကြက်များ စတင်သေဆုံးကာလမှ ၂၆-၃-၂၀၀၆ နေ့အထိ သေဆုံး/ဖျက်ဆီးကောင်ရေမှာ ရွှေဘိုခရိုင် (ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး) တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ ၉၃ ခြံ၊ မွေးမြူထားရှိသည့်ကြက် ၆၀၉၂၉ ကောင်အနက် ၆၇၃၁ ကောင်သေဆုံးပြီး ၂၄၈၃၆ ကောင်ကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ မန္တလေးခရိုင် (ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ)တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ ၉၉ ခြံ၌ မွေးမြူထားရှိသည့် ကြက် ၁၁၁၉၁၉ ကောင်အနက် ၂၀၆၀ ကောင်သေဆုံးပြီး ၉၆၁၅၉ ကောင် ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင်အတွင်း ကြက် ၈၇၉၁ ကောင်သေဆုံးပြီး ၁၂၀၉၉၅ ကောင်နှင့် ကြက်ဥ ၅၆၀ လုံးကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ခ) ငုံးသေဆုံး/ဖျက်ဆီးမှု

ရွှေဘိုခရိုင်အတွင်း ငုံးမွေးမြူရေးခြံ နှစ်ခြံရှိ ငုံး ၁၉၄၁ ကောင်နှင့် မန္တလေးခရိုင်၌ ငုံးမွေးမြူရေးခြံ ၄၄ ခြံမှ ငုံး ၁၁၅၆၅၀ ကောင်၊ ငုံးဥ ၅၀၅၁၅ လုံးကို သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ စုစုပေါင်း ငုံးကောင်ရေ ၁၁၇၅၉၁ နှင့် ငုံးဥ ၅၀၅၁၅ လုံး သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ဂ) ကြက်တုပ်ကွေးဗိုင်းရပ်(စ်)နှင့် ပဋိပစ္စည်းစစ်ဆေးတွေ့ရှိမှု

ကနဦးကြက်သေဆုံးမှုသတင်းရရှိသည့် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရွှေဘိုမြို့နယ်မှ အစပြုပြီး ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်တို့ရှိ ရောဂါထိန်းချုပ်ရေးနယ်မြေအတွင်းရှိ မွေးမြူရေးခြံ ၄၇ ခြံ၌ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကြက်ရောဂါနမူနာ (သွေးရည်ကြည်၊ ကြက်အတွင်းအင်္ဂါများ၊ စအိုနှင့်လေပြွန်တို့မှနမူနာ) ၄၃၃ ခုရယူ၍ ချက်ချင်းအဖြေရ စမ်းသပ်စစ်ဆေးနည်း (Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း (HA)၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း (HI)နှင့် ပီစီအာရ် (PCR) စစ်ဆေးနည်းများအရ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ခြံ ၃၅ခြံ၏ နမူနာ ၂၆ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး H5 N1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ **ရောဂါထိန်းချုပ်မှုဆောင်ရွက်ခြင်း။** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်၏ လမ်းညွှန်ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊ ရပ်ကွက်အာဏာပိုင်များ၊ သက်ဆိုင်သည့် မွေးမြူသူများနှင့် ညှိနှိုင်းပူးပေါင်း၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များအား ဖိတ်ကြားပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍လည်းကောင်း၊ ရောဂါအလျှင်အမြန်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကန့်သတ်နယ်မြေအတွင်း မွေးမြူရေးခြံများကို ရောဂါစူးစမ်းရှာဖွေမှုအရ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိသောခြံမှ ၁ ကီလိုမီတာပတ်ပတ်လည်အတွင်း မွေးမြူထားသည့်ကြက်များကို ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ရောဂါအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး (Risk Prevention) အတွက် ကြက်များကို ဖျက်ဆီးခြင်းပြုလုပ်ခဲ့ပါသည်။ ကြက်ကောင်ရေ ၁၂၀၉၉၅ ကောင်၊ ငုံးကောင်ရေ ၁၁၂၄၁၄ ကောင်၊ ငုံးဥ ၅၀၅၁၅လုံး၊ ကြက်ဥ ၅၆၀ လုံးတို့ကို စနစ်တကျ ဖျက်ဆီးခြင်း၊ ပိုးသတ်မြေမြှုပ်ခြင်း၊ မွေးမြူရေးခြံများနှင့် အသုံးအဆောင်များကို ရောဂါပိုးသတ်ဆေးဖျန်းခြင်းပြုလုပ်ခဲ့ပါသည်။ ရောဂါပိုးတွေ့ရှိသောခြံမှ ၃ ကီလိုမီတာနှင့် ၇ ကီလိုမီတာကို ကန့်သတ်နယ်မြေနှင့် ထိန်းချုပ်နယ်မြေများအဖြစ် သတ်မှတ်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများသယ်ဆောင်ရောင်းချခြင်းကို ထိရောက်စွာထိန်းချုပ်ထားပါသည်။ လူနှင့်အခြားတိရစ္ဆာန်များကိုလည်း ကူးစက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကြက်သေဆုံးမှုလျော့ကျပြီး ရောဂါပျံ့နှံ့မှုထိန်းချုပ်နိုင်သည့်အဆင့်ကို ရောက်ရှိလာပြီဖြစ်ပါသည်။

၃။ **၂၆-၃-၂၀၀၆နေ့အထိ နောက်ဆုံးအခြေအနေ**။ ရွှေဘို၊ ကန့်ဘလူ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ ကန့်ဘလူမြို့၊ ကာဘိုးကျေးရွာတွင် ရောဂါထိန်းချုပ်မှု ဆက်လက်ဆောင်ရွက်လျက်ရှိသည်မှအပ ကျန်ခင်ဦးမြို့နယ်တစ်ခုလုံး အနေဖြင့် ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ မန္တလေးခရိုင်ရှိ ရောဂါဖြစ်မြို့နယ်များမှာလည်း ရောဂါစတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ **အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။** ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဒေသညှိနှိုင်းရေးမှူး Dr. K. Wantanee နှင့် အမေရိကန်နိုင်ငံ USAID မှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthur တို့သည် ၁၆-၃-၂၀၀၆နေ့မှ ၁၈-၃-၂၀၀၆နေ့အထိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသော မန္တလေးခရိုင်နှင့် ရွှေဘိုခရိုင်အတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မြန်မာဌာနေကိုယ်စားလှယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မြန်မာဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအစီအစဉ်များ ဆွေးနွေးခဲ့ပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး ပြည်သူလူထုပညာပေးပိုစတာများ ပေးအပ် ထောက်ပံ့ခဲ့ပါသည်။ သြစတြေးလျနိုင်ငံ ဂျီလောင်းမြို့ ဒေသကိုးကားဓာတ်ခွဲခန်းမှ ကြက်ရောဂါစစ်ဆေးရေး ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ FAO, JICA နှင့် သြစတြေးလျနိုင်ငံ ဂျီလောင်းမြို့ ဒေသကိုးကားဓာတ်ခွဲခန်းတို့မှ ပံ့ပိုးခဲ့သည့် အရေးပေါ်လုပ်ငန်းသုံးပစ္စည်းများ အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးခန့် လက်ခံရရှိပြီးဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဌာန (DLD)တို့မှ ကြက်တုပ်ကွေးရောဂါထိန်းချုပ်ရေးကျွမ်းကျင် ပညာရှင်သုံးဦးတို့သည် (FAO) ဒေသညှိနှိုင်းရေးမှူး Dr. K. Wantaneeနှင့်အတူ ၂၈-၃-၂၀၀၆နေ့မှ နှစ်ပတ်ကြာ မန္တလေး၊ ရွှေဘိုဒေသများသို့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

၅။ **ပြန်လည်ထူထောင်ခြင်း။** ရောဂါထိန်းချုပ်မှုအတွက် ဖျက်ဆီးခံခဲ့ရသည့် မွေးမြူရေးခြံများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် ရောဂါထိန်းချုပ်နိုင်ပြီး စိတ်ချရသည့်အခါ ကြက်များ အစားပြန်လည်ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်အရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းညှိနှိုင်း၍ အထောက်အကူပြုသွားမည်ဖြစ်ပါသည်။

၆။ **ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားသေးသော အခြားဒေသများ။** အဆိုပါဒေသများတွင် ပြည်တွင်းကြက်နှင့် ကြက်ထွက်ပစ္စည်းစားသုံးမှု၊ ရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူဖြန့်ဖြူးရောင်းချနိုင်ရန် ပြည်နယ်/တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအချင်းချင်း ကြိုတင်ညှိနှိုင်းပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်ထုတ်ပေးခြင်းတို့ဖြင့် ကြက်၊ ဘဲမွေးမြူ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသို့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန



မုဒုံမြို့ ဘိုးဘွားရိပ်သာ တိုးချဲ့ဆောင်သစ်နှင့် စကြံ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

မုဒုံ မတ် ၂၉

မွန်ပြည်နယ် မုဒုံမြို့ ဘိုးဘွားရိပ်သာဝင်းအတွင်း မတည်အလှူရှင် ရန်ကုန်မြို့ သံလွင်လမ်း အမှတ်(၁၃၃)နေ ဒေါ်ခင်ဖွား(လူမှုထူးချွန်တတိယဆင့်) မိသားစုနှင့် ရန်ကုန်မြို့ ဆရာစံလမ်း အမှတ်(၅၅)နေ ဦးမောင်မောင်တင်-ဒေါ်ဆွေဆွေဝင်းမိသားစုနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းခဲ့သော အဘွားတိုးချဲ့ဆောင်သစ်နှင့် စကြံ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ ရက်က ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို) အလုပ်အမှုဆောင်၊ မွန်ပြည်နယ် တာဝန်ခံသတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများ၊ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီ၊ အတွင်းရေးမှူး ဦးလှသိန်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြင့်ဦးနှင့် အမှုဆောင်များ၊ အလှူရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မုဒုံမြို့ ဘိုးဘွားရိပ်သာ အဘိုးအဘွား တိုးချဲ့ဆောင်သစ်နှင့် စကြံ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်၊ မွန်ပြည်နယ်တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီနှင့် ထာဝရအလှူရှင် ဒေါ်ခင်ဖွား (လူမှုထူးချွန်တတိယဆင့်) ကိုယ်စား ဦးယူးဟုတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ အလှူရှင်များက အလှူငွေ ခြောက်သိန်းပေးအပ်ကြပြီး အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က ဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားသည့် အဘိုးအဘွား ၂၄ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀စီ ပေးအပ်ပြီး အဘိုးအဘွားဆောင်များအား လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားခဲ့သည်။

(၂၅၇)

ပြည်သူလူထု၏ ပူးပေါင်းကူညီမှုဖြင့် စက်ဘီးခိုးသူများအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းနယ်မြေအတွင်း ခိုးဆိုးလုယက်မှုများ၊ မော်တော်ယာဉ်၊ စက်ဘီးခိုးမှုများ၊ ဒုစရိုက်မှုများ ပပျောက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် စီမံချက်များချမှတ်၍ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူလူထု၏ သတင်းပေးပို့ ကူညီမှုကြောင့် စက်ဘီးများ ခိုးယူရောင်းစားနေသော လှိုင်သာယာမြို့နယ် (၇)ရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ် (၈၉၂/ခ)နေ ဦးစိုးကြည်၏ သား အောင်အောင်(၂၃)နှစ်နှင့် လှိုင်မြို့နယ် သရက်မြိုင်ရပ်ကွက်၊ သံလမ်း၊ အမှတ် ၄၉နေ ဦးစိန်မောင်၏ သား သန်းဘို(ခ)ဘိုဘိုတို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

သိမ်းဆည်းရမိ

ယင်းတို့ နှစ်ဦးအား မတ် ၂၅ ရက်အထိ စစ်ကြောဖော်ထုတ်ချက်အရ လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်၊ လှိုင်မြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့မှ ၎င်းတို့ခိုးယူခဲ့သော စက်ဘီးမျိုးစုံ ၂၇ စီးကို သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသော စက်ဘီးမျိုးစုံ ၂၇ စီးကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့က ပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး စက်ဘီးခိုးသူတို့အား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်လည်သိမ်းဆည်းရရှိသော သက်သေခံစက်ဘီး ကိုးစီး၏မှတ်တမ်းဓာတ်ပုံ။

ပြန်လည် သိမ်းဆည်းရရှိသော သက်သေခံစက်ဘီး ၁၈ စီး၏ မှတ်တမ်းဓာတ်ပုံ။

တရားခံ အောင်အောင်(၂၃)နှစ် (ဘ) ဦးစိုးကြည်၊ မ/၈၉၂ (ခ)၊ အောင်သီတာလမ်း၊ (၇)ရပ်ကွက် လှိုင်သာယာ။

တရားခံသန်းဘို (ခ) ဘိုဘို (၁၉)နှစ် (ဘ) ဦးစိန်မောင်၊ မ/၄၉၊ သံလမ်း၊ သရက်မြိုင်ရပ်ကွက်၊ လှိုင်မြို့နယ်။

ရတနာနှင့်ဆဋ္ဌဂံ ဇာတ်ကားများဆက်လက် ပြသ

ရန်ကုန် မတ် ၂၉

ယခုသောကြာပတ်တွင် ဇာတ်ကားသစ်များ ရုံမဝင်ဘဲ ပြသဆဲရုပ်ရှင်ဇာတ်ကားများသာ ဆက်လက်ပြသနေသည်။

ရတနာ

သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ယခင်သောကြာပတ်က ရုံတင်ပြသခဲ့သည့် "ရတနာ"အမည်ရှိ မြန်မာဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကား ပြသနေသည်။

ရိုးရာအစွဲအလမ်းကို ယုံကြည်ကိုးစားလွန်းမှုကြောင့် အထင်အမြင်လွဲမှားမှုများ၊ ယိုးစွပ်မှုများဖြစ်ပေါ်ကာ အများ၏ ဝိုင်းပယ်စွန့်ပစ်ခံ ဖြစ်ခဲ့ရသူတစ်ဦးအကြောင်း ဇာတ်လမ်းဆင် ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားတစ်ကားဖြစ်သည်။ဝိုင်းပယ်ခံရသူ မအိုစာအဖြစ် အကယ်ဒမီထွန်းအိန္ဒြာဗိုက ပီပြင်စွာ သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားမှာ စာရေးဆရာမင်းတင်ထွဏ်း၏ ဝတ္ထုကို အိအိခိုင်က ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ရေးသားရိုက်ကူးထားခြင်းဖြစ်သည်။

ရတနာဇာတ်ကားသစ်မှ ဖိုးသောကြာနှင့် ပုလဲဝင်းတို့၏ သရုပ်ဆောင်ဟန်။

ဆဋ္ဌဂံ

ထို့အတူ ရွှေဆောင်အဆင့်မြင့်ရုပ်ရှင်ရုံတွင် ကိုယ်ဝန်ဆောင် သရုပ်ဆောင်တို့ပါဝင်သည့် "ဆဋ္ဌဂံ" ဇာတ်ကားပြသနေသည်။

နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံတွင်မူဒါရိုက်တာ ဘရစ်ဟန့် ရိုက်ကူးသည့် သည်းထိတ်ရင်ဖို ဇာတ်ကားတစ်ကားဖြစ်သော "The Cave" ဆေးရောင်စုံဇာတ်ကားပြသနေသည်။

ဇီဝဗေဒပညာရှင်အဖွဲ့နှင့် ထူးဆန်းသော သတ္တဝါတစ်ကောင်တို့၏ ဇာတ်လမ်းဖြစ်သည်။

(ကြေးမုံ)

မိုးကုတ် သကြံ်တရားစခန်း

ရန်ကုန် မတ် ၂၉

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ကုန္ဒာစရိယ(ဓမ္မာစရိယ)က ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ပဋိစ္စ သမုပ္ပာဒ်တရားဒေသနာတော်များကို ခန္ဓာဉာဏ်ရောက် ဟောကြားချီးမြှင့်မည်ဖြစ်သဖြင့် တရားစခန်းဝင်လိုသူ ယောဂီများသည် အမှုဆောင်အဖွဲ့ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ(၁၃၃) ကြို့ကုန်းအနောက်ရပ်ကွက် အင်းစိန်မြို့နယ် ဖုန်း-၆၅၃၂၀၄သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

ဓမ္မရသ ဝိပဿနာတရားစခန်းများ

ရန်ကုန် မတ် ၂၉

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အံ့ကြီး)နှင့်အဖွဲ့က ဧပြီ ၅ ရက်မှ ၁၁ရက်အထိ ည ၇နာရီခွဲမှ ၉နာရီအထိ ပုဇွန်တောင်မြို့နယ် မြောင်းကြီးလမ်းရှိ ရေကျော်ဝတ်ကျောင်း သံဃဒါနဆွမ်းလောင်းဓမ္မာရုံတွင် လည်းကောင်း၊ သင်္ကြန်ခုနစ်ရက်တရားစခန်းများအဖြစ် သာကေတမြို့နယ် ရှုခင်းသာရပ်ကွက်ရှိ ဇေတဝန်ပရိယတ္တိစာသင်တိုက်တွင် ဧပြီ ၈ရက်မှ ၁၇ရက်အထိ နံနက် ၇နာရီမှ ညနေ ၆နာရီအထိလည်းကောင်း၊ ဒလ-အံ့ကြီးရှိ ဓမ္မရသရိပ်သာကြီးတွင် ဧပြီ ၁၂ရက်ညနေမှ ၂၀ရက် နံနက်အထိလည်းကောင်း၊ ဒေါပုံမြို့နယ် ဝါးဆိုမှတ်တိုင်အနီးရှိ ပြာသာဒ်ပရိယတ္တိ စာသင်တိုက်တွင် ၁၃ရက်မှ ၁၉ရက်အထိ မွန်းလွဲ၁နာရီမှ ညနေ ၆နာရီအထိလည်းကောင်း၊ လှည်းကူးမြို့နယ် ဒါးပိန်မြို့ရှိ တမံကျောင်းတွင် ဧပြီ ၁၃ရက်မှ ၁၉ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း၊ ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ရာ လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သဲအင်းဂူ အထူးတရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၄)ဝိုင်း၊ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရာတော်များကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ အထူးအဓိဋ္ဌာန် ၁၀ ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အခမဲ့အာဟာရဒါနကျွေးမွေးမည်ဖြစ်ရာ ကုသိုလ်ယူ လှူဒါန်းလိုသူများသည် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများလှူဒါန်းနိုင်ကြောင်းနှင့် တရားစခန်းဝင်းသူများ ကြိုတင်စာရင်းပေးသွင်းပြီး ဧပြီ ၇ ရက် ညနေအရောက် ကြွရောက်ပါရန်ဖိတ်ကြားထားကြောင်းသိရသည်။

(က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို သာသနာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မတ် ၂၉

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် တာဝန်ရှိသူများလိုက်ပါ၍ မတ် ၁၅ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့မှတစ်ဆင့် ရွှေလက်ဝါးတောင်တော်(ဘေးမဲ့) သာသနာပြုဌာနကျောင်းသို့လည်းကောင်း၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မဟာစည်ဝိမုတ္တိသုခ သာသနာ့ရိပ်သာကျောင်းသို့လည်းကောင်း ရောက်ရှိပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဒုတိယဝန်ကြီးသည် မတ် ၁၆ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီးမှတစ်ဆင့် ကုန်းသာကျေးရွာ တောင်မော့သာသနာပြုဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒေသခံ ကျောင်းသား၊ ကျောင်းသူများအတွက် အဝတ်အထည်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် နွားလဝိုး ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အားဖူးမြော်၍ သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခြံစည်းရိုးကြက်ဆူပင်ပျိုးခြံသို့ ရောက်ရှိပြီး ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်းများဖြင့် ပျိုးထောင်ထားမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအောင်ကိုသည် မွန်းလွဲပိုင်းတွင် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်အသင်းများမှ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံကာ ကယားပြည်နယ်အသင်းနှင့် လွိုင်ကော်ခရိုင်အသင်းရုံးတို့အတွက် ကွန်ပျူတာနှစ်စုံကို ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးသည် မတ် ၁၇ရက်တွင် ဒီမော့ဆိုမြို့မ တောင်တန်းသာသနာပြုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဒေါတဂူး ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ငွေတောင်ကျောင်းတိုက် ဒေါကလိုးခူ ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန ထီးပွင့်ကန်ကျောင်း လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက် သီရိမင်္ဂလာပုံ(ဟော်ကြီး) ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒေသခံ ကျောင်းသား၊ ကျောင်းသူများအတွက် အဝတ်အထည်များကိုလည်းကောင်း၊ ဖရူဆိုမြို့နယ် လောခုရူ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ မိုးရေစုရေကန် တည်ဆောက်ရန်အတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၁၈ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ တပ်ဦးတောင်တန်းသာသနာပြု ပရဟိတကျောင်းသို့ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဒေသခံကျောင်းသား ကျောင်းသူများအတွက် အဝတ်အထည်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဆိုလစယ် ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် နယ်မြေခံတပ်ရင်း ခြံစည်းရိုးကြက်ဆူမျိုးပွားခြံသို့ ရောက်ရှိပြီး ပျိုးဥယျာဉ် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်းများဖြင့် ပျိုးတောင်ထားမှုအခြေအနေနှင့် ခေတ်မီခြင်းဖြင့် ချင်း စိုက်ပျိုးထားရှိမှုတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် မထောခူ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဒုတိယဝန်ကြီးသည် မတ် ၁၉ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

(သတင်းစဉ်)

အထက(၂)လသာ (၁၅)ကြိမ်မြောက် သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (ကြေးမုံ)

လသာမြို့နယ် အထက(၂) သီလရှင်ဝတ် အလှူတော်မင်္ဂလာ ကျင်းပ

ရန်ကုန် မတ် ၂၉

လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ (၁၅) ကြိမ်မြောက် သီလရှင်ဝတ် အလှူတော် မင်္ဂလာအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လသာမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်နှင့် ဆရာမများ၊ ကျောင်းသူများ၊ မိဘများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှစ်ပါးသီလခံယူ

ရှေးဦးစွာ ရွှေမင်းဝံသာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘနထံမှ ပရိသတ်တို့က ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တ သောဘနက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်တို့က သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ သောဘနက ရေစက်ချတရားချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယမန်နေ့တွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသူလေးများအား ဆံချအခမ်းအနား ကျင်းပသည်။

(သတင်းစဉ်)

ဓာတ်တော်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

ပဲခူးတိုင်းအနောက်ခြမ်း အုတ်ဖိုကျွန်းကုန်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် မြတ်စွာဘုရား ဓာတ်တော်၊ ရဟန္တာကြီးများ၊ ဓာတ်တော်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို တန်ခူးလဆန်း ၁၄ရက်နေ့ နံနက် ၈နာရီတွင်ကျင်းပပြီး အထူးခုနစ်ရက်တရားစခန်းပွဲကို တန်ခူးလဆန်း ၁၁ရက်မှ တန်ခူးလပြည့်ကျော် ၅ ရက် နှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ ဖုန်း-(၀၅၃)၃၀၄၃၂၊ ၅၀၄၅၆၊ ၅၀၆၄၄ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

လှူဒါန်း

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့မှ ဥက္ကဋ္ဌ ဦးဝင်းမောင်(မင်းယုဝေ) ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်ဟွမ်ပရဟိတဂေဟာအတွက် ထောက်ပံ့ကြေးငွေ ကျပ် ၇၅၀၀၀ကို လှူဒါန်းရာ နာယက ဆရာတော် ဘဒ္ဒန္တနန္ဒာစရိယ (မဟာသဒ္ဓမ္မဇောတိကဓဇ) ကိုယ်စား ပရဟိတအကျိုးတော်ဆောင် ဦးစိုင်းအုန်းမောင် လက်ခံယူစဉ်။ (က-ပ)

သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်တော်မူကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော အောင်မြေဗောဓိ ရွှေတိဂုံပုံတူ (၁၀၈)ပေ စေတီတော်အတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို စမ်းချောင်းမြို့နယ်နေ ကွယ်လွန်သူ (ဦးဆောင်ဂွမ်-ဒေါ်စောချိန်)တို့အား ရည်စူး၍ ဦးပါကြီး-ဒေါ်အိန်အိန်၊ သားသမီးမြေးတစ်စုက သာသနာပြု အောင်စေတီဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပခုက္ကူဆရာတော်ကြီး သာသနာပြုခရီး ကြွရောက်

ရန်ကုန် မတ် ၂၉

ဝမ်းတွင်းမြို့နယ် ကျောက်ဆင်တောရ ပဓာနနာယက ကမ္ဘာ့သာသနာပြု ပခုက္ကူဆရာတော်ကြီး ဦးသုရိယသည် စင်ကာပူ၊မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်သာသနာပြုရန် အသျှင်ကောဝိဒ၊ ကပ္ပိယ ဦးတိုး၊ ဒေါ်သျှမ်းတို့နှင့်အတူ မတ် ၁၈ ရက်က လေကြောင်းဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

(က-ပ)

သဲအင်းဂူ သင်္ကြန်အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၉

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ၊ ပဓာန ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ဝိမလ(မော်လမြိုင်)၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဇဝနတိက္ခ (အောင်ချမ်းသာမုံရွာ) အမှတ်(၆)ဝိုင်းဆရာတော် ဘဒ္ဒန္တ စိန္တာမယ၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ(နယ်လှည့် သာသနာပြုဓမ္မကထိက) အရှင်သူမြတ်တို့က ဧပြီ ၁၁ရက်မှ၁၇ရက်အထိ သင်္ကြန်အဓိဋ္ဌာန်ခုနစ်ရက် တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၀ရက်(တနင်္လာနေ့)ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ စာရင်းပေးသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅ ၇။ ခါသင်္ကြန်အဆိုအကများ
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ ခါသင်္ကြန်အဆိုအကများ
၄:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀ ၉။ မျိုးချစ်တပ်မတော်
၅:၂၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၃၀ ၁၁။ ခါသင်္ကြန်အဆိုအကများ
၅:၄၅ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ နိုင်ငံတကာသတင်း
၆:၂၀ ၁၅။ မိုးလေဝသသတင်း
၆:၂၅ ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၇။ **ကာတွန်းအစီအစဉ် ပါကျဲ အပိုင်း(၂၄)**
၆:၅၀ ၁၈။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၂၆)**
၈:၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပါရမီရှင်သိုင်းလုလင် (အပိုင်း-၂၇)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

သာကေတ အမက(၃၉) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၉

သာကေတမြို့နယ် အမက(၃၉)မှ အငြိမ်းစားယူသွားကြသည့် ဆရာ၊ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၉ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကိုဇေယျာမျိုး ဖုန်း-၇၂၂၀၁၇နှင့် အဆိုပါကျောင်းရှိ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ပညာရေး)

အားကစားဝန်ကြီးဖလားနှင့် ပြည်နယ်/ တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲဖွင့်

ရန်ကုန် မတ် ၂၉

၂၀၀၆ ခုနှစ် ဒုတိယအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံ နာယကများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။ ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်တို့က ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ ထို့နောက် ခေတ်အလိုက် အလှေ့အထ၊ ဝတ်စားဆင်ယင်ပုံများဖြင့် ဝိုင်းဖွဲ့ခြင်းခတ် သရုပ်ပြသကြသည်။

ယခု ပြိုင်ပွဲများသို့ ဝန်ကြီးဌာနငါးသင်း၊ ပြည်နယ်နှင့် တိုင်း ၁၃သင်း စုစုပေါင်း ၁၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီးပြိုင်ပွဲကို ဧပြီ ၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်တို့ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်စဉ်။ (ကြေးမုံ)

ဗုဒ္ဓအလိုကျ တရားတော်

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ချမ်းအေးရိပ်သာကျောင်းတိုက်မှ ဆရာတော် အရှင်ဝိလာသ (ဝေမိုး-ကျွန်းလှ)သည် မတ် ၂၇ ရက်က မင်္ဂလာဒုံမြို့နယ် ပျဉ်းမမြိုင်လမ်း ဒေါက်တာစံထွန်း-ဒေါက်တာခင်သီတာနွယ်တို့၏ ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာမဏ္ဍပ်၌ တရားတော်များ ဟောကြားခဲ့ပြီး ဆက်လက်၍ ဧပြီ ၂ ရက်တွင် ကျောက်တန်းမြို့နယ် အစဲရာ ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓမထေရ် မဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ပြုပူဇော် အလှူတော်မင်္ဂလာမဏ္ဍပ်၌ ည ၇ နာရီမှစ၍ ဗုဒ္ဓအလိုကျ မေ္မကထာ ဒေသနာတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အဆင့်မြင့်တန်း ကွင်းပိတ်ရှုံးထွက်ပွဲ ပို့ဆောင်ရေးအသင်း အနိုင်ရရှိ

ရန်ကုန် မတ် ၂၉

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်ရှုံးထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီ ၄၅မိနစ်က အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ ပို့ဆောင်ရေး အသင်းက လျှပ်စစ်စွမ်းအားအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ပို့ဆောင်ရေးအသင်း သုံးဂိုး

(ပြည့်ဖြိုးဦး-ပိုင်နယ်တီ၊
ဝင်းမင်းထွဋ်နှင့်
မောင်မောင်မြင့်တစ်ဂိုးစီ)

လျှပ်စစ်စွမ်းအားအသင်း တစ်ဂိုး

(လင်းထွန်းဦး)

ဒိုင်လူကြီး ဦးလှသန်းမောင်

အဆင့်မြင့်တန်းသို့ ပြန်လည် တက်ရောက်လာသည့် ပထမတန်းအမှတ်ပေး ချန်ပီယံ လျှပ်စစ်စွမ်းအားအသင်း၏ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ကြိုးစားကစားခဲ့သောကြောင့် ပို့ဆောင်ရေးအသင်း အသာစီးမှ မကစားနိုင်ခဲ့ဘဲ ခြေကုန်ထုတ်ပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပို့ဆောင်ရေးအသင်းတွင် လူစုံတက်စုံ ပါဝင်သော်လည်း အကောင်းဆုံး ခြေစွမ်းမပြနိုင်ဘဲ ပထမတန်းမှတက်လာသည့် လျှပ်စစ်စွမ်းအားအသင်းကလည်း တက်ကုန်ရွက်စုံ ဖွင့်ကစားခဲ့ရာ ခက်ခဲသောပွဲတစ်ခုကို ပို့ဆောင်ရေးအသင်း ရင်ဆိုင်ခဲ့ရသည်။

ကစားကွက်တည်မရ

ပထမပိုင်းတွင် လျှပ်စစ်စွမ်းအားအသင်း၏ အတင်းဝင် အတင်းထွက် ကစားမှုကြောင့် ပို့ဆောင်ရေးအသင်း ကစားကွက်တည်မရဘဲ ထင်သလောက် တိုက်စစ်အားမပါခဲ့ပေ။ ဂိုးမပေးရရေးအတွက် ငါးယောက်၊ ခြောက်ယောက်အထိ ပိတ်ဆို့ကစားနေသော လျှပ်စစ်စွမ်းအားခံစစ်ကြောင်းကို ပို့ဆောင်ရေးအသင်း တိုက်စစ်မှူးများ မကျော်လွှားနိုင်ခဲ့ဘဲ မိနစ် ၃၀ကျော်မှ ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ ၃၄မိနစ်တွင် ထက်အောင်၏ ထိုးဖောက်မှုကို လျှပ်စစ်စွမ်းအားမှ မျိုးမင်းဆွေ ဖျက်ထုတ်တာကြမ်းသည့်အတွက် ပို့ဆောင်ရေး ပိုင်နယ်တီကန်ခွင့်ရရှိခဲ့သည်။ အဆိုပါပိုင်နယ်တီကို ပြည့်ဖြိုးဦးက သွင်းယူလိုက်၍ ပို့ဆောင်ရေးအသင်း ဦးဆောင်ဂိုးရရှိသွားသည်။ ပို့ဆောင်ရေး အသင်း၏ ဦးဆောင်မှုမှာ သိပ်မကြာလိုက်၊ လေးမိနစ်အကြာတွင် လျှပ်စစ်စွမ်းအားက ချေပဂိုး ပြန်လည်သွင်းယူသွားသည်။ ဘယ်ကြောမှ သန့်ဇင်ဦးပေးသော ဘောလုံးကို လင်းထွန်းဦးက လွတ်လွတ်ကျွတ်ကျွတ်ရယူပြီး ကန်သွင်းလိုက်ခြင်းဖြစ်သည်။

အနိုင်ဂိုး

ဒုတိယပိုင်းအစ နှစ်မိနစ်တွင် ဝင်းမင်းထွဋ်အဝေးမှ မနားတမ်းကန်သွင်းရာ ဂိုးထဲသို့ ဝေ့ဝိုက်ဝင်သွား၍ ပို့ဆောင်ရေးအသင်း ဒုတိယဂိုးထပ်မံရရှိသွားသည်။ ထို့နောက်ပိုင်းတွင် ပို့ဆောင်ရေးထက် လျှပ်စစ်စွမ်းအားက ပိုဖိကစားလာနိုင်ရာ ဂိုးရနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း အဆုံးသတ် အားနည်းနေ၍ ချေပဂိုးနှင့် ဝေးနေရသည်။ ပို့ဆောင်ရေးအသင်းအတွက် တတိယ နှင့် ပွဲသိမ်းဂိုးကို ပွဲပြီးရန် တစ်မိနစ်အလိုတွင် မောင်မောင်မြင့် အဝေးမှ အမှတ်မထင်ကန်သွင်းရာ လျှပ်စစ်စွမ်းအား ဂိုးသမားမျိုးဝင်းဌေး ဖမ်းသော်လည်း လက်မှလွတ်၍ ဝင်သွားခြင်းဖြစ်သည်။

ပို့ဆောင်ရေးအသင်းသည် ကွာတားဖိုင်နယ်၌ ကာကွယ်ရေးအသင်းနှင့် ဧပြီ ၃ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ညနေ ၃နာရီ ၄၅မိနစ်
(အောင်ဆန်းကွင်း)
မြို့တော်စည်ပင် နှင့် တံခွန်

(ကြေးမုံ)

ပို့ဆောင်ရေးအသင်းမှ ဝင်းမင်းထွန်း လျှပ်စစ်စွမ်းအား နောက်ခံလူ ဇော်မင်းထွန်းကို ကျော်ဖြတ်ရန် ကြိုးစားစဉ်။ (ကြေးမုံ)

ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဒါရိုက်တာ ဦးတင့်ဦး (IBTC)က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဂရင်းရွိုင်ရယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်၌ စတင်ကျင်းပ

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd.က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်တံ ခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင် အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများက သတ်မှတ်ထားသော တီခုံ(၁) ၌ နေရာယူထားကြပြီး MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေး၊ ဒါရိုက်တာဦးတင့်ဦး (IBTC) နှင့် MGF အမှုဆောင် ဦးချမ်းဟန်တို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် မောင်မောင်ဦးနှင့် သိန်းလင်းထွန်းတို့က ၆၉ချက်စီ၊ အောင်ကိုလတ်၊ သန့်ဇော်ထိုက်၊ စိုင်းထွန်းဦးနှင့် အေးမင်းတို့က အချက် ၇၀ စီ ရရှိထားကြသည်။

GRAND ROYAL
SPECIAL RESERVE
Golf Championship

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay, Grand Plaza Parkroyal Hotel, Crusher Club Soda နှင့် Srixon တို့က အသီးသီး ပါဝင်ကူညီကြပြီး ရန်ကုန်ဂေါက်ကလပ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၃၀ရက် နံနက် ၇နာရီ ၄၅မိနစ်တွင် ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဆက်လက် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

နွေရာသီ ဘော့စ်ဘော အားကစားသင်တန်းဖွင့် ကလပ်အသင်း ဖွဲ့စည်းလိုသူများ ဆက်သွယ်နိုင်

ရန်ကုန် မတ် ၂၉

မျိုးဆက်သစ်လူငယ် ဘော့စ်ဘော အားကစားသမားများ ပေါ်ထွက်ရေးအတွက် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော့စ်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နွေရာသီ ဘော့စ်ဘော အားကစားသင်တန်းကို ကျိုက္ကဆံ ဘော့စ်ဘော လေ့ကျင့်ရေးကွင်း၌ မတ် ၁၄ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ အသက် (၁၀)နှစ်မှ (၁၆)နှစ်အထိ မျိုးဆက်သစ်လူငယ် အမျိုးသား သင်တန်းသား ၃၀ကျော် တက်ရောက်လျက်ရှိသည်။

အဆိုပါသင်တန်းကို အဖွဲ့ချုပ်မှ နည်းပြဆရာတစ်ဦး၊ ဘော့စ်ဘော အားကစားပြန့်ပွားရေးအတွက် ဆောင်ရွက်ပေးနေသော Global Sports Partners မှ နိုင်ငံခြားသင်တန်းဆရာများနှင့် ပြီးခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် အားကစားသမားများက သင်ကြားပေးလျက်ရှိသည်။

နွေရာသီ ဘော့စ်ဘော အားကစား သင်တန်း၌ သင်တန်းသားများ လေ့ကျင့်နေကြစဉ်။
(ကြေးမုံ)

ဒုတိယအကြိမ်သင်တန်း

နိုင်ငံတကာတွင် သက်တမ်းအလိုက် ဘော့စ်ဘောပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် (၁၃)နှစ်အောက်၊ (၁၅)နှစ်အောက် လူငယ်အသင်းများ ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိပြီး ဒုတိယအကြိမ် သင်တန်းကို ဧပြီ ၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘော့စ်ဘောအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ပြိုင်ပွဲများအတွက် ကလပ်အသင်းများ ဖွဲ့စည်း၍ မှတ်ပုံတင်ပေးသွားမည်ဖြစ်ပြီး လိုအပ်သော အားကစားပစ္စည်းများကို အဖွဲ့ချုပ်မှ ထောက်ပံ့ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။ ထို့ကြောင့် ကလပ်အသင်းဖွဲ့စည်းလိုသူများ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဘော့စ်ဘောအဖွဲ့ချုပ်၊ ဖုန်း-၇၀၃၆၈၃၊ ၅၃၅၀၂၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မုဒုံ-ကော့ပရံကွန်ကရစ်တံတားနှင့် ကျုံကဒတ်ကျေးရွာ ပြည်တော်သာကတ္တရာလမ်းသစ်ဖွင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်

ရန်ကုန် မတ် ၂၉

မုဒုံ-ကော့ပရံ ကျေးလက်အုတ်ခုံကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၈နာရီက အဆိုပါတံတားထိပ်၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေးသည်။

အစီအစဉ်အရ ရှေးဦးစွာမုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဖုန်းလွင်က မုဒုံ-ကော့ပရံကျေးလက် အုတ်ခုံကွန်ကရစ်တံတား တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ကော့ပရံကျေးရွာမှ ဦးစံဌွေးက ကျေးဇူးတင်စကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးရာ ပုဂံမြေမှ အာနန္ဒာဘုရားကို ဖူးတွေ့ရစဉ်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလူထုလှုပ်ရှားမှုများ တိုင်းမှူးနှင့် မြို့တော်ဝန်တို့ ကြည့်ရှုစစ်ဆေးအားပေး

ရန်ကုန် မတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ သွားရောက်ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နံနက် ၇ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြင်တော်သာလမ်းရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ရုံးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ ဒေါက်တာဒေါ်ရှုကြည်၊ သာကေတမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သန်းအေးနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က သာကေတမြို့နယ်အတွင်း ရပ်ကွက် ၁၉ရပ်ကွက်တို့၏ ပညာရေးအခြေအနေနှင့် သောက်သုံးရေ ရယူသုံးစွဲမှုအခြေအနေ၊ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်ရှိ မြို့နယ်များအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ▲

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး မြန်မာ့ ၁၂ လရာသီ ပွဲတော်များ

ရန်ကုန် မတ် ၂၉

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို "မီးခိုးမထွက်သော စက်ရုံ"ဟူ၍ တင်စားခေါ်ဝေါ်နေကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်များ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် အဓိကနေရာမှ ပါဝင်လျက်ရှိနေသည်ကို တွေ့ရသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ပုပ္ပားတောင်ဥယျာဉ်၊ လှော်ကားဥယျာဉ်၊ အထက်ရွှေစက်တော်၊ ချပ်သင်းဘေးမဲ့တော၊ အင်းလေးဘေးမဲ့တော စသည်တို့သည် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့်နေရာများဖြစ်သည်။

ပင်လယ်ကမ်းခြေ အပန်းဖြေလိုသူများအတွက် ငပလီ၊ ငွေဆောင်၊ ချောင်းသာဒေသများက ဖိတ်ခေါ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေမြေရာသီဥတု ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းသည့်အလျောက် ၁၂ လ ရာသီပတ်လုံး ပွဲတော်များ ပျော်ရွှင်စွာ ကျင်းပကြသည်။

မြန်မာတို့သည် စေတနာသဒ္ဓါတရားထက်သန်ကြသူများပီပီ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းကြသည်ကိုလည်း နိုင်ငံအနှံ့ မပြတ်မလပ် တွေ့မြင်ကြရမည်ဖြစ်သည်။

မြန်မာတို့၏ ၁၂လ ပွဲတော်များအနက် အများစုမှာ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ပွဲတော်များဖြစ်သည်။

ဇန်နဝါရီလတွင် မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကချင်မနောပွဲကို ကျင်းပသည်။ ထို့ပြင် ၎င်းလအတွင်း၌ပင် စစ်ကိုင်းတိုင်းအတွင်း

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❒

ယနေ့မိုးလေဝသ

(၃၀-၃-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဂျပန်နိုင်ငံ အရေးပေါ် ကယ်ဆယ်ရေးဝန်ထမ်းများ မြေငလျင်ဘေးကြုံရသောအခါ ဆောင်ရွက်ရမည့် လေ့ကျင့်ခန်းများ ပြုလုပ်နေကြသည်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။ အင်တာနက်

အင်တာနက်သတင်း

တိုကျိုမြို့တွင် ငလျင်ကြီးလှုပ်လျှင် လူ ၅၆၀၀ ခန့် အသက်ဆုံးရှုံးနိုင်ဟုခန့်မှန်း

တိုကျို မတ် ၂၉

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ငလျင်ကြီးတစ်ခုလှုပ်ခဲ့လျှင် လူပေါင်း ၅၆၀၀ မျှ အသက်ဆုံးရှုံးနိုင်ပြီး အဆောက်အအုံ ၄၄၀၀၀၀ ခန့်ပျက်စီးကာ လူဦးရေထောင်နှင့်ချီ၍ ဓာတ်လှေကားများ၌ ပိတ်မိနေနိုင်ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ ကျွမ်းကျင်သူများက ခန့်မှန်းတွက်ချက်ထားကြသည်။

ယခုနောက်ဆုံး ဘေးအန္တရာယ်ခန့်မှန်းချက် မထွက်ပေါ်လာမီက တွက်ချက်ထားသော အန္တရာယ်ခန့်မှန်းချက်တွင် တိုကျိုမြို့၌ ငလျင်ဘေးတွေ့ရလျှင် လူ ၄၇၀၀ မျှ အသက်ဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းခဲ့ကြသည်။ ငလျင်နှင့်အတူ ဖြစ်ပေါ်လာတတ်သော မြေပြိုမှုနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖